







# သီးနှံသစ်တောရောနှောစနစ် ဖွံ့ဖြိုးရေးဆိုင်ရာ အာဆီယံ လမ်းညွှန်ချက်

အာဆီယံ သစ်တောကဏ္ဍ အဆင့်မြင့်အရာရှိများ

၂၀၁၉

one vision
one identity
one community

# သီးနှံသစ်တောရောနှောစနစ် ဖွံ့ဖြိုးရေးဆိုင်ရာ အာဆီယံ လမ်းညွှန်ချက်

## အာဆီယံ သစ်တောကဏ္ဍ အဆင့်မြင့်အရာရှိများ

## ၂၀၁၉

The ASEAN Secretariat

Jakarta

The Association of Southeast Asian Nations (ASEAN) was established on 8 August 1967. The Member States are Brunei Darussalam, Cambodia, Indonesia, Lao PDR, Malaysia, Myanmar, Philippines, Singapore, Thailand and Viet Nam.

The ASEAN Secretariat is based in Jakarta, Indonesia.

**For inquiries, contact:**
The ASEAN Secretariat
Community Relations Division (CRD)
70A Jalan Sisingamangaraja
Jakarta 12110, Indonesia
Phone: (62 21) 724-3372, 726-2991
Fax: (62 21) 739-8234, 724-3504
E-mail: public@asean.org

Catalogue-in-Publication Data

ASEAN Guidelines for Agroforestry Development
Jakarta, ASEAN Secretariat, March 2019

630.059
1. ASEAN – Agriculture – Forestry
2. Sustainable Development – SDG

ISBN 978-602-5798-35-1

ISBN 978-602-5798-35-1
9 786025 798351

[ASEAN] Association of Southeast Asian Nations. 2019. ASEAN Guidelines for Agroforestry Development [in Burmese]. Authors: Catacutan DC, Finlayson RF, Gassner A, Perdana A, Lusiana B, Leimona B, Simelton E, Öborn I, Galudra G, Roshetko JM, Vaast P, Mulia R, Lasco RL, Dewi S, Borelli S, Yasmi Y. Jakarta, Indonesia: ASEAN Secretariat.

**ASEAN: A Community of Opportunities for All**

Translated into Burmese by Khine Zar
The original English version of this publication is kept by ASEAN Secretariat, Jakarta

The text of this publication may be freely quoted or reprinted, provided proper acknowledgement is given and a copy containing the reprinted material is sent to the Community Relations Division (CRD) of the ASEAN Secretariat, Jakarta.

General information on ASEAN appears online at the ASEAN Website: www.asean.org

Copyright Association of Southeast Asian Nations (ASEAN) 2019.
All rights reserved.

# အမှာစာ

"သီးနှံသစ်တောရောနှောစိုက်ပျိုးမှု ဖွံ့ဖြိုးရေးဆိုင်ရာ အာဆီယံလမ်းညွှန်ချက်" သည် အာဆီယံ အဖွဲ့ဝင်နိုင်ငံများမှ ပြည်သူများ၏ စည်ပင်ဝပြောမှု၊ အချိတ်အဆက်ရှိမှု၊ ရာသီဥတုပြောင်းလဲမှုဒဏ် ခံနိုင်ရည် ရှိမှုနှင့် လုံခြုံမှုတို့ တိုးတက်စေရေးအတွက် အရေးကြီးသော သမိုင်းမှတ်တိုင်တစ်ခု ဖြစ်သည်။ အားလုံးကို ခြုံငုံကြည့်ပါက ယခုလမ်းညွှန်ချက်များသည် ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်စေနိုင်သည့် မူဘောင်တစ်ခုကို ရေးဆွဲ ချမှတ်နိုင်ခြင်းပင် ဖြစ်သည်။

ဤလမ်းညွှန်ချက်သည် ၂၀၁၆ အာဆီယံ စိုက်ပျိုးရေးနှင့် သစ်တောဝန်ကြီးများ အစည်းအဝေးက အတည်ပြုခဲ့သော အာဆီယံ စားနပ်ရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး အနာဂတ် ရည်မှန်းချက်နှင့် မဟာဗျူဟာမြောက် လုပ်ငန်းစဉ် (၂၀၁၆-၂၀၂၅) ၏ ရလဒ်တစ်ခုဖြစ်သည်။ ထိုသို့ အတည်ပြုခဲ့သဖြင့် အာဆီယံနိုင်ငံများတွင် သစ်တောသီးနှံရောနှောစနစ်ဖွံ့ဖြိုးရေး လမ်းညွှန်ချက်အား ဒေသအတွင်းရှိ စိုက်ပျိုးရေးနှင့် သစ်တောသာမက ရာသီဥတုပြောင်းလဲမှု၊ စွမ်းအင်နှင့် ရေကဲ့သို့ အခြား ကဏ္ဍများမှပါ အကျိုးသက်ဆိုင်သူအားလုံးနှင့် အကြိတ်အနယ်ဆွေးနွေးပြီး ရေးဆွဲနိုင်ခဲ့သည်။

ဤလမ်းညွှန်ချက်သည် အာဆီယံနိုင်ငံများရှိ မတူညီသော ကဏ္ဍများအကြား (မြေ၊ စီးပွားရေး၊ ရေ၊ စွမ်းအင်၊ စိုက်ပျိုးရေး၊ သစ်တော၊ အစားအစာ၊ မွေးမြူရေး၊ ငါးလုပ်ငန်း) ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုနှင့် ပေါင်းစပ်ညှိနှိုင်းမှုကို ဖြစ်စေလိမ့်မည်ဟု ကျွန်ုပ်တို့မျှော်လင့်သည်။ ထို့အတူ ဤလမ်းညွှန်ချက်သည် အဖွဲ့ဝင် နိုင်ငံများရှိ သန်းနှင့်ချီသော လယ်သမားများ၏ အခြေခံတန်ဖိုးနှင့် စားနပ်ရိက္ခာထုတ်လုပ်မှု တိုးမြင့်ရေး၊ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ တိုးတက်ရေးတို့သာမက သဘာဝပတ်ဝန်းကျင် ကောင်းမွန်ရေး၊ ရာသီဥတုပြောင်းလဲမှုကြောင့် ဆိုးဝါးသည့် ဖြစ်ရပ်များ၏ဒဏ်ကို ခံနိုင်ရည်မြင့်စေရေးတို့ကို အထောက် အကူပြုမည့်  သစ်တောသီးနှံရောနှောစနစ်၏ ဦးစားပေးမူဝါဒ၊ အစီအစဉ်များရေးဆွဲရေးကို တွန်းအားပေး လိမ့်မည်ဟုလည်း မျှော်လင့်မိသည်။ ထို့အပြင် ဤလမ်းညွှန်ချက်သည် နည်းပညာနှင့် မူဝါဒတိုးတက်မှုများ မျှဝေခြင်း၊ သစ်တောသီးနှံထုတ်ကုန် နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှုတိုးမြှင့်ခြင်း၊ ဂေဟစနစ်ဝန်ဆောင်မှု များ ပိုမိုကောင်းမွန်အောင် အားပေးခြင်းတို့တွင် အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုကို ပိုမို မြှင့်တင်ပေးနိုင်လိမ့်မည်ဟု မျှော်လင့်သည်။ အထက်ပါအချက်အားလုံးသည် အာဆီယံစီးပွားရေး အသိုက် အမြုံကို ပိုမိုနီးကပ်စွာနှင့် ပိုမိုလျင်မြန်စွာ ပေါင်းစည်းမိစေရေးအတွက် အထောက်အကူပြုမည်ဖြစ်သည်။

လမ်းညွှန်ချက်ရေးဆွဲရာတွင် အစိုးရဌာနများ၊

အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာနှင့် နိုင်ငံအလိုက် သုတေသနနှင့် ပညာရေးအဖွဲ့များ၊ အစိုးရမဟုတ်သောအဖွဲ့များ၊ အရပ်ဖက်အဖွဲ့များနှင့် ပူးပေါင်းလျက် လုပ်ငန်းစဉ်ကို အထောက်အကူပြုစေရန် ကမ္ဘာ့သစ်တောသီးနှံရောနှောစနစ် ဗဟိုဌာန (ICRAF) နှင့် ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) တို့၏ နည်းပညာအကူအညီများအတွက် အာဆီယံက ကျေးဇူးတင်ရှိပါသည်။ ထို့အတူ အာဆီယံ လူမှုရေးသစ်တောကဏ္ဍ လုပ်ငန်းအဖွဲ့၏ ဦးဆောင်မှု၊ အမြော်အမြင်ကြီးမှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် အာဆီယံ-ဆွစ်ဇာလန် လူမှုရေး သစ်တောနှင့် ရာသီဥတု ပြောင်းလဲမှု ဆိုင်ရာ မိတ်ဖက်ပူးပေါင်းမှု၏ နည်းပညာအကူအညီ၊ ဆွစ်ဇာလန် အစိုးရမှ ပေးအပ်သည့်အကူအညီတို့ကို လည်း ကျေးဇူးတင်ရှိပါသည်။ ထို့အတူ ဆွီဒင်အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေး ကွန်ယက်အစီအစဉ်၏ တစ်စိတ်တစ်ပိုင်းဖြစ်သော "အစားအစာ၊ အာဟာရဖူလုံရေး၊ ရေရှည်တည်တံ့သော စိုက်ပျိုးရေးနှင့် မြေယာ ထိန်းသိမ်းရေးဆိုင်ရာ သစ်တောသီးနှံရောနှောစနစ် ကျွမ်းကျင်အုပ်စု" အား လမ်းညွှန်ချက်ရေးဆွဲမှု တစ်လျှောက် ၎င်းတို့၏ စဉ်ဆက်မပြတ် အကူအညီနှင့် သွင်းအားစုအတွက် ကျေးဇူးတင်ရှိပါသည်။ နောက်ဆုံးအနေဖြင့် ၎င်းတို့၏ ပြင်းပြသောဆန္ဒနှင့် ဦးဆောင်မှုတို့မရှိလျှင် ဤလမ်းညွှန်ချက်စာအုပ်ကို ရေးဆွဲထုတ်ဝေနိုင်မည်မဟုတ်သဖြင့် အဖွဲ့ဝင်နိုင်ငံများမှ ဂန်ကြီးများကို အထူးကျေးဇူးတင်ရှိကြောင်း ဖော်ပြလိုပါသည်။

အစိုးရ၊ အစိုးရမဟုတ်သော အဖွဲ့အစည်း၊ အရပ်ဖက်အဖွဲ့များမှ ပါဂင်ကူညီသူ၊ အားပေး အထောက် အပံ့ပြုသူ အများအပြားမှ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ပြုစုထားသည့်အလျောက် ဤလမ်းညွှန်ချက်သည် အာဆီယံ ဒေသတစ်ခုလုံး၌ သစ်တောသီးနှံရောနှောစနစ်ကို အရှိန်အဟုန်ဖြင့် ကျင့်သုံးပြီး ၎င်းစနစ်၏ အကျိုးကျေးဇူးများကို ခံစားရရှိရေး အထောက်အကူပြုလိမ့်မည်ဟု ယုံကြည်မိသည်။

အာဆီယံ သစ်တောကဏ္ဍ
အဆင့်မြင့်အရာရှိများ (ASOF)

# ကျေးဇူးတင်လွှာ

အာဆီယံသည် ဤလမ်းညွှန်ချက်ဖြစ်မြောက်ရေးအတွက် ပါဝင်ရေးသား၊ သုံးသပ်ဆန်းစစ်၊ အကြံ ပေး၊ ဆွေးနွေးချက်များဖြင့် ကူညီခဲ့သည့် အောက်တွင်အမည်ဖော်ပြထားသော လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်း များနှင့် အာဆီယံဒေသတစ်လျှောက် ဆွေးနွေးတိုင်ပင်ခဲ့သည့် အကျိုးသက်ဆိုင်သူ အများအပြားတို့အား ၎င်းတို့၏ ပါဝင်ကူညီမှုနှင့် အပတ်တကုတ် ကြိုးပမ်းမှုများအတွက် အထူးပင် အသိအမှတ်ပြု ကျေးဇူးတင်ရှိပါ သည်။

အထူးသဖြင့် ဤလမ်းညွှန်ချက်ပြုစုနိုင်ရေးအတွက် အဓိက မောင်းနှင်အားဖြစ်သော အာဆီယံ လူမှုရေး သစ်တောကဏ္ဍ လုပ်ငန်းအဖွဲ့မှ ဆက်သွယ်ရန်ပုဂ္ဂိုလ်များ၏ ဦးဆောင်မှုကို ကျွန်ုပ်တို့ အသိအမှတ် ပြုပါသည်။

ဤလမ်းညွှန်ချက်အတွက် မိတ်ဖက်များ၏ ပါဝင်ကူညီမှုကို ပေါင်းစပ်ညှိနှိုင်းပေးသည့်အတွက် အာဆီယံ- ဆွစ်ဇာလန် လူမှုရေးသစ်တောနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မိတ်ဖက်ပူးပေါင်းမှု အတွင်းရေး မှူးအဖွဲ့အား ကျေးဇူးဥပကာယ တင်ရှိပါသည်။

ထို့အပြင် ၂၀၁၇ ခုနှစ် ဇွန်လ ၁၂-၁၄ ရက်တွင် ထိုင်းနိုင်ငံ၊ ချင်းမိုင်၌ ကျင်းပခဲ့သော ၇ ကြိမ်မြောက် အာဆီယံ လူမှုရေး သစ်တောကဏ္ဍ လုပ်ငန်းအဖွဲ့၏ ညီလာခံ၌ ကနဦးဆွေးနွေးမှုတွင် ပါဝင်ခဲ့သော အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ မူဝါဒချမှတ်သူများ၊ လယ်သမားအုပ်စုများ၊ သမဝါယမများ၊ ရပ်ရွာအခြေပြု သစ်တောစီမံခန့်ခွဲမှုအုပ်စုများ၊ လက်တွေ့ကျင့်သုံးသူများ၊ နည်းပညာကျွမ်းကျင်သူများ၊ သုတေသီများ စုစုပေါင်း ၁၀၀ ကျော်ကိုလည်း ကျေးဇူးတင်ရှိပါသည်။ အဆိုပါ ဆွေးနွေးမှုတွင် လမ်းညွှန်ချက်၏ ရည်ရွယ် ချက်၊ ပါဝင်သည့်အထွေထွေ အကြောင်းအရာများကို အဓိက ဆွေးနွေးခဲ့ကာ ဆက်လက်ရေးဆွဲရေး အတွက် အခြေခံများ ချမှတ်နိုင်ခဲ့သည်။

နောက်ဆုံးအနေဖြင့် ဤလမ်းညွှန်ချက်ပြုစုရာတွင် ဦးဆောင်ခဲ့ပြီး၊ နည်းပညာကူညီသူများ၊ အချင်း ချင်း ပြန်လည်ဆန်းစစ်သူများနှင့် အကြံပေးများကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည့် ကမ္ဘာ့သစ်တောသီးနှံ ရောနှောစနစ် ဗဟိုဌာန (ICRAF) အား လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိပါသည်။

## စာရေးဆရာများ

### World Agroforestry (ICRAF)

Delia C. Catacutan, Robert Finlayson, Anja Gassner, Aulia Perdana, Betha Lusiana, Beria Leimona, Elisabeth Simelton, Ingrid Öborn, Gamma Galudra, James M. Roshetko, Philippe Vaast, Rachmat Mulia, Rodel Lasco and Sonya Dewi

### Food and Agriculture Organization of the United Nations (FAO)

Simone Borelli and Yurdi Yasmi

## ပြန်လည်ဆန်းစစ်သူနှင့် ပါဝင်ရေးသားသူများ

### Institutional experts

RECOFTC The Center for People and Forests, Center for International Forestry Research, Non-Timber Forest Products Exchange Programme, Southeast Asian Regional Center for Graduate Study and Research in Agriculture, Philippine Agroforestry Education and Research Network

### Individual experts

- Dr. Ir. Budiman Achmad
- Dr. Sanudin
- Dr. Muhamad Siarudin
- Dr. Ramon Razal
- Eva Fauziyah S.Hut, M.Sc
- Mr. Eduardo Queblatin
- Ms. Rowena Cabahug

### Focal points of the ASEAN Working Group on Social Forestry

*Brunei Darussalam:* Ms Noralinda Hj Ibrahim, Acting Director of Forestry, Forestry Department, Ministry of Primary Resources and Tourism

*Cambodia:* Mr Long Ratanakoma, Deputy Director, Department of Forestry and Community Forestry, Forestry Administration of the Ministry of Agriculture, Forestry and Fisheries

*Indonesia:* Dr Bambang Supriyanto, Director General, Directorate General of Social Forestry and Environmental Partnerships, Ministry of Environment and Forestry

*Lao PDR:* Dr Oupakone Alounsavath, Director, Village Forest and Non-Timber Product Management Division, Department of Forestry, Ministry of Agriculture and Forestry

*Malaysia:* Dr Megat Sany Megat Ahmad Supian, Biodiversity and Forestry Management Division, Ministry of Natural Resources and Environment

*Myanmar:* Dr Ei Ei Swe Hlaing, Assistant Director, Forest Research Institute, Forest Department, Ministry of Natural Resources and Environmental Conservation

*Philippines:* Mr Nonito M. Tamayo, Director, Forest Management Bureau, Department of Environment and Natural Resources

*Singapore:* Mr Hassan Ibrahim, Senior Manager, Biodiversity (Terrestrial), National Biodiversity Centre Division, National Parks Board, Singapore Botanic Gardens

*Thailand:* Dr Komsan Rueangritsarakul,

Forestry Technical Officer, Professional Level, Community Forest Management Bureau, Royal Forest Department

*Viet Nam:* Mr Dinh Van Tuyen, Officer of Forest Protection and Management Division, Forest Protection Department, Viet Nam Administration of Forestry, Ministry of Agriculture and Rural Development

## Mekong Expert Group on Agroforestry for Food and Nutrition Security, Sustainable Agriculture and Land Restoration

Andrew Noble, Anja Gassner, Bao Huy, David Gritten, Delia C. Catacutan, Dian Sukmajaya, Doris Capistrano, Ei Ei Swe Hliang, Elisabeth Simelton, Göran Bergkvist, Horst Weyerhaeuser, Ingrid Öborn, Kim Soben, Long Ratanakoma, Mai Van Trinh, Maria Estrella A. Penunia, Niall O'Connor, Ngo The An, Nguyen Van Bo, Robert Finlayson, Ronnakorn Triraganon, Sararin Phaengam, Sigrun Dahlin, Stepha McMullin, Srichai Saengcharnchai, Tran Minh Tien, Yurdi Yasmi

## Advisers

Dian Sukmajaya, Senior Officer of Food, Agriculture and Forestry Division, Sectoral Development Directorate, ASEAN Economic Community Department, ASEAN Secretariat

Doris Capistrano, Senior Advisor, ASEAN-Swiss Partnership for Social Forestry and Climate Change

# မာတိကာ

၁။ နောက်ခံသမိုင်းနှင့် လမ်းညွှန်ချက်၏ အတိုင်းအတာ....1
၂။ လမ်းညွှန်ချက်၏ ရည်ရွယ်ချက်များ....3
၃။ အသုံးပြုရန် ရည်ရွယ်သူများ....4
၄။ လမ်းညွှန် အခြေခံမှုများ....6
၄.၁ အဖွဲ့အစည်းဆိုင်ရာ အခြေခံမှုများ....6
အခြေခံမှု ၁။ ဖြစ်ထွန်းစေသော ပတ်ဝန်းကျင် ဖန်တီးခြင်း....6
အခြေခံမှု ၂။ ထိရောက်သော အဖွဲ့အစည်းဆိုင်ရာ စွမ်းရည်အသေအချာရှိစေခြင်း....7
အခြေခံမှု ၃။ ထိရောက်သော ပူးပေါင်းဆောင်ရွက်မှုနှင့် ပူးပေါင်းပါဝင်သော ဆုံးဖြတ်ချက်ချမှု လုပ်ငန်းကို အကူအညီပေးခြင်း....8
၄.၂။ စီးပွားရေး အခြေခံမှုများ....10
အခြေခံမှု ၄။ ကုန်ပစ္စည်းများနှင့် ဂေဟစနစ် ဂန်ဆောင်မှုများ၏ တန်ဖိုးကို အသိအမှတ်ပြုခြင်း....10
အခြေခံမှု ၅။ သစ်တောသီးနှံရောနှောစနစ် ရင်းနှီးမြှုပ်နှံမှုနှင့် ဈေးကွက်များအတွက် ပတ်ဝန်းကျင်ကောင်း ဖြစ်ထွန်းစေခြင်း....11
၄.၃။ သဘာဝပတ်ဝန်းကျင် အခြေခံမှုများ....12
အခြေခံမှု ၆။ လယ်ယာမြေနှင့် မြေယာရှုခင်း အတိုင်းအတာတွင် ဂေဟစနစ်အကျိုးကျေးဇူးများကို ထိန်း သိမ်း၍ တိုးတက်အောင် ဆောင်ရွက်ခြင်း....12
အခြေခံမှု ၇။ အလျှော့အတင်းဟန်ချက်ကို နားလည်ပြီး စီမံခန့်ခွဲခြင်း....13
၄.၄။ လူမှုယဉ်ကျေးမှု အခြေခံမှုများ....14
အခြေခံမှု ၈။ ဒေသဆိုင်ရာ ဗဟုသုတ၊ အစဉ်အလာနှင့် ရွေးချယ်မှုများကို အသိအမှတ်ပြု လေးစားခြင်း။....14
အခြေခံမှု ၉။ ကျားမတန်းတူဖြစ်မှုနှင့် လူမှုရေးအားလုံးပါဂင်မှုကို အထောက်အကူပြုခြင်း....15
အခြေခံမှု ၁၀။ မြေယာရမ်းလုပ်ကိုင်မှု အခွင့်အရေးနှင့် ကာကွယ်စောင့်ရှောက်မှုများ သေချာစေခြင်း....16
၄.၅။ နည်းပညာ ဒီဇိုင်းအခြေခံမှုများ....17
အခြေခံမှု ၁၁။ အခြေအနေပေါ် မူတည်၍ သစ်တောသီးနှံရောနှောစနစ် ရွေးချယ်ရန်များကို ဒီဇိုင်းဆွဲခြင်း....17

အခြေခံမှု ၁၂။ သစ်တောသီးနှံရောနှောလုပ်ငန်း အစိတ်အပိုင်းများကို ပူးပေါင်းပါဝင်မှု ပုံစံဖြင့် ရွေးချယ်ခြင်း ........................................................................19
၄.၆။ သတင်းအချက်အလက်ပေးရေးနှင့် အဆင့်မြှင့်ရေး အခြေခံမှုများ..........................20
အခြေခံမှု ၁၃။ သစ်တောသီးနှံစိုက်ပျိုးရေးပညာကို ထိရောက်စွာ သတင်းပေးခြင်း........20
အခြေခံမှု ၁၄။ ထိရောက်သော လုပ်ငန်းတိုးချဲ့မှုနှင့် ရေရှည်ခံမှုအတွက် စီမံခြင်း ..........21
၅.၁။ အဖွဲ့အစည်းများ၏ အခန်းကဏ္ဍနှင့် စီစဉ်မှုများ ..............................................23
အကောင်အထည်ဖော်မှုဆိုင်ရာ စဉ်းစားရန်အချက်များ ..............................................23
၅.၂။ စီမံကိန်းရေးဆွဲခြင်းနှင့် ငွေကြေးထောက်ပံ့ခြင်း ..............................................25
၅.၃။ သုတေသနနှင့် စဉ်ဆက်မပြတ် သင်ယူရေး....................................................26
၅.၄။ စောင့်ကြည့်စစ်ဆေး အကဲဖြတ်ခြင်း ..........................................................27
၅.၅။ အသိပညာ စီမံခန့်ခွဲမှု..........................................................................28
နောက်ဆက်တွဲ ၁။ လမ်းညွှန်ချက် ရေးဆွဲခြင်း ........................................................29
နောက်ဆက်တွဲ ၂။ စက္ကူဖြူ စာတမ်း - သစ်တောသီးနှံရောနှောစနစ်။ အရှေ့တောင်အာရှဒေသတွင် စားနပ်ရိက္ခာဖူလုံရေး၊ ရာသီဥတုပြောင်းလဲမှု လျှော့ချရေးနှင့် အသားကျရေးအတွက် အထောက်အကူပြုမှုများ.......................................................31
နောက်ဆက်တွဲ ၃။ လမ်းညွှန်ချက်၏ အပြည်ပြည်ဆိုင်ရာ အခြေအနေ ..............................33
နောက်ဆက်တွဲ ၄။ ဖတ်ရှုသင့်သော စာအုပ်စာတမ်းများ ................................................36

# အခန်း (၁)

# နောက်ခံသမိုင်းနှင့် လမ်းညွှန်ချက်၏ အတိုင်းအတာ

၂၀၁၆ ခုနှစ်တွင် ကျင်းပခဲ့သော ၃၈ ကြိမ်မြောက် အာဆီယံ စိုက်ပျိုးရေးနှင့် သစ်တောရေးရာ ဝန်ကြီးများအစည်းအဝေးက အတည်ပြုခဲ့သည့် အာဆီယံ စားနပ်ရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး မဟာဗျူဟာမြောက် လုပ်ငန်းအစီအစဉ် အနာဂတ်မျှော်မှန်းချက် (၂၀၁၆-၂၀၂၅) မှာ "သစ်တောသယံဇာတများကို လက်ရှိနှင့် အနာဂတ်သားစဉ်မြေးဆက်နှစ်ခုလုံး၏ လူမှုစီးပွားနှင့် ယဉ်ကျေးမှုဆိုင်ရာ လူမှုရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်နှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှုဆိုင်ရာ ရည်မှန်းချက်များကို အထောက်အကူပြုစေမည့် မြေယာရှုခင်းအသွင် ရေရှည်တည်တံ့သော စီမံအုပ်ချုပ်မှု" ကို အလေးပေးဆောင်ရွက်ရန် ဖြစ်သည်။

စားနပ်ရိက္ခာ ဖူလုံရေး၊ ရာသီဥတုပြောင်းလဲမှုကို ထိန်းချုပ်၍ နေသားတကျရှိရေး၊ မြေယာ ယိုယွင်း ပျက်စီးမှုကို လျှော့ချရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များအောင်မြင်ရေးတို့တွင် သစ်တောသီးနှံ ရောနှောစိုက်ပျိုးရေးစနစ်၏ အထောက်အကူပြုမှုကို အသိအမှတ်ပြုလျက်၊ မြေယာရှုခင်း စီမံခန့်ခွဲမှုသာမက ရေရှည်တည်တံ့သော သစ်တောစီမံခန့်ခွဲမှုကိုပါ အားကောင်းစေခြင်းအားဖြင့် သစ်တော နှင့် စားနပ်ရိက္ခာ ထုတ်လုပ်မှုအကြား ဆက်စပ်မှုကို ခိုင်မာစေရေး ကြိုးပမ်းရန်အတွက် အကြိမ် ၂၀ မြောက် အာဆီယံ သစ်တောကဏ္ဍ အဆင့်မြင့်အရာရှိများ အစည်းအဝေးက သစ်တောသီးနှံရောနှောစနစ်ဆိုင်ရာ အာဆီယံ လမ်းညွှန်ချက်ကို ရေးဆွဲရန် သဘောတူညီခဲ့သည်။ ၃၉ ကြိမ်မြောက် အာဆီယံ စိုက်ပျိုးရေးနှင့် သစ်တောဝန်ကြီးများ အစည်းအဝေးကလည်း ဤလမ်းညွှန်ချက်ကို ၂၀၁၈ ခုနှစ် အာဆီယံပူးပေါင်း ဆောင် ရွက်မှု၏ အဓိက ဆောင်ရွက်ရန်လုပ်ငန်းတစ်ခုအဖြစ် သတ်မှတ်ခဲ့သည်။

ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (အက်ဖ်အေအို) နှင့် အာဆီယံ-ဆွစ်ဇာလန် လူမှုသစ်တောနှင့် ရာသီဥတုပြောင်းလဲမှု စီမံကိန်း၏ မိတ်ဖက်များ[1] နှင့်အတူ၊ လူမှုသစ်တောဆိုင်ရာ အာဆီယံလုပ်ငန်းအဖွဲ့သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် သစ်တောသီးနှံရောနှောစနစ် ဖွံ့ဖြိုးရေးကို အထောက်အကူပြုမည့် လမ်းညွှန်မှုဝါဒများ ပြင်ဆင်ချမှတ်နိုင်ရေးအတွက် ကမ္ဘာ့သစ်တော သီးနှံရောနှော စနစ်အဖွဲ့ကြီး[2] အား မေတ္တာရပ်ခံခဲ့သည်။ လမ်းညွှန်ချက်မှာ အာဆီယံ စားနပ်ရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး မဟာဗျူဟာမြောက် လုပ်ငန်းအစီအစဉ်

---

1 The World Agroforestry Centre သည် အနာဂတ် အစားအစာဖူလုံရေး ကမ္ဘာ့မိတ်ဖက်ဖြစ်သည်။ CGIAR ၏ အဖွဲ့ဝင်တစ်ဦးဖြစ်ကာ ASEAN-Swiss Partnership for Social Forestry and Climate Change စီမံကိန်း၏ မိတ်ဖက်တစ်ဦးဖြစ်သည်။

2 အပြည့်ပြည့်ဆိုင်ရာ သစ်တော သုတေသန ဗဟိုဌာန၊ အာရ်အီးစီအိုအက်ဖ်တီစီ၊ လူထုနှင့် သစ်တောဌာန၊ သစ်မဟုတ်သော သစ်တောထွက် ပစ္စည်း ဖလှယ်ရေးအစီအစဉ်နှင့် အရှေ့တောင်အာရှဒေသ စိုက်ပျိုးရေးသုတေသန ဘွဲ့ကြိုလေ့လာရေးဌာန

အနာဂတ်မျှော်မှန်းချက် အောင်မြင်ရေးအတွက် လိုအပ်သည်ဟုယူဆသည်။ အထူးသဖြင့် မဟာဗျူဟာ အမှတ် ၄ ဖြစ်သော ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးအန္တရာယ်နှင့် အခြားဘေးဒုက္ခများကို ခံနိုင်ရည်တိုးတက်စေရေးနှင့် အစီအစဉ် ၅ - ဂေဟစနစ်နှင့် စီးပွားရေးအရ သင့်တော်သည့်နေရာများတွင် သစ်တောသီးနှံရောနှောစနစ် များ တိုးချဲ့ရေးတို့အတွက် အဓိကလိုအပ်သည်။

သုတေသီများ၊ ပညာရှင်များ၊ လက်တွေ့ဆောင်ရွက်နေသူများ၊ နည်းပညာကျွမ်းကျင်သူများ၊ အစိုးရများ၏ သစ်တော-စိုက်ပျိုးရေး-သဘာဝပတ်ဝန်းကျင်ကဏ္ဍ ကိုယ်စားလှယ်များနှင့် လယ်သမား အသင်းအဖွဲ့များအပါအဝင် အကျိုးသက်ဆိုင်သူ အများအပြားနှင့် ဆွေးနွေးတိုင်ပင်မှုများကို ၂၀၁၇ ခုနှစ် ဖွန်လမှစတင်၍ တိုးမြှင့်ဆောင်ရွက်ခဲ့သည်။ ဤလမ်းညွှန်ချက်သည် အာဆီယံ အဖွဲ့ဝင်နိုင်ငံများ၏ ထူးခြား သော အခြေအနေများပေါ်တွင် အခြေခံ၍ သစ်တောသီးနှံရောနှောစနစ်ဖွံ့ဖြိုးရေးကို ဦးစားပေး ရေးဆွဲထား ကြောင်း စာရေးသူများနှင့် ပါဝင်ကူညီသူများက အလေးအနက် ပြောကြားလိုသည်။ မည်သည့် သစ်တော သီးနှံရောနှောစနစ် စီမံချက်ရေးဆွဲမှုမျိုးတွင်မဆို အဖွဲ့ဝင်နိုင်ငံတစ်ခုချင်းစီ၏ လူမှုစီးပွားရေး၊ မူဝါဒနှင့် သဘာဝပတ်ဝန်းကျင် အခြေအနေများကိုလည်း အညီအမျှ ထည့်သွင်းစဉ်းစားရန် လိုအပ်မည်ဖြစ်သည်။

ဤလမ်းညွှန်ချက်သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၌ သစ်တောသီးနှံရောနှောစနစ် ကျင့်သုံးရန် ရည်မှန်းသော သစ်တော၊ လယ်မြေ၊ ရေဝေကုန်းတန်း၊ ကုန်းမြေမြင့်၊ မြေနိမ့်ဒေသ၊ ကမ်းခြေ၊ စိမ့်မြေ၊ သစ်ဆွေးမြေစသည့် မည်သည့်မြေအမျိုးအစားအတွက်မဆို ရည်ရွယ်သည်။ လမ်းညွှန်ချက်သည် သစ်တော သီးနှံရောနှော စနစ်တည်ထောင်ခြင်းအတွက် နည်းပညာကျွမ်းကျင်မှုဆိုင်ရာ လမ်းညွှန်ချက်မဟုတ်ဘဲ သစ်တော သစ်နှံရောနှောစနစ် မူဝါဒများ၊ အစီအစဉ်များ၊ စီမံကိန်းများ၊ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရာတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြားနင့် နိုင်ငံများအတွင်း ဆွေးနွေးမှုများကို မြန်ဆန်ထိရောက်စေမည့် မူဘောင်တစ်ခုသာ ဖြစ်သည်။ လမ်းညွှန်ချက်များကို မိမိဆန္ဒအလျောက် အကောင်အထည်ဖော်နိုင်ပြီး ဤလမ်းညွှန်ချက်သည် တည်ဆဲဒေသဆိုင်ရာ သဘောတူညီချက် သို့မဟုတ် စာချုပ်များ၊ နိုင်ငံများ၏ ဥပဒေများနှင့် မူဂါဒများအား ဖြည့်စွက်ခြင်း၊ အစားထိုးခြင်းမျိုးမဟုတ်ဘဲ အာဆီယံ ရာသီဥတုပြောင်းလဲမှု ဆိုင်ရာ ကဏ္ဍစုံမူဘောင်[3] ၊ စားနပ်ရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍနှင့် သစ်တောသီးနှံ ရောနှောစနစ်နှင့် သက်ဆိုင်သည့် အခြားအာဆီယံ ကဏ္ဍအလိုက် လမ်းညွှန်ချက်များ[4] နှင့် ကိုက်ညီအောင် ရေးဆွဲထားသည်။

ဤစာအုပ်တွင် ဖော်ပြပါရှိသော မူဝါဒများ၊ လမ်းညွှန်ချက်များမှာ အာဆီယံအဖွဲ့ဝင်နိုင်ငံများ အတွက်သာ ရည်ရွယ်သော်လည်း အာဆီယံပြင်ပနိုင်ငံများ၌လည်း ကျင့်သုံးနိုင်သည့် ကျယ်ပြန့်သော အယူအဆများ ပါရှိသည်။

3 The Multi-Sectoral Framework on Climate Change ကို ASEAN Senior Officials Meeting on Agriculture and Forestry ၏ လုပ်ပိုင်ခွင့်အရ ရေးဆွဲခဲ့ပြီး ရာသီဥတုပြောင်းလဲမှုကြောင့် စားနပ်ရိက္ခာလုံခြုံမှုအပေါ် ကျရောက်သည့်အန္တရာယ်များကို ပေါင်းစပ် ညှိနှိုင်း ကိုင်တွယ်မည့်စနစ်ကို ဖော်ဆောင်ရန်ဖြစ်သည်။ စိုက်ပျိုးရေး၊ ငါးလုပ်ငန်းနှင့် သစ်တောကဏ္ဍများကို ဦးစားပေးပြီး ထိရောက်သော မူဝါဒ ချမှတ်မှု၊ အကောင်အထည်ဖော်မှုများအတွက် ကဏ္ဍစုံချဉ်းကပ်ရန် ရည်ရွယ်သည်။

4 ရာသီဥတု-စမတ် စိုက်ပျိုးရေးအလေ့အထများ မြှင့်တင်ရေး အာဆီယံဒေသ လမ်းညွှန်ချက်၊ ကျားမ တန်းတူရေး အာဆီယံလမ်းညွှန်ချက်၊ တာဝန်ရှိ ရင်းနှီးမြှုပ်နှံမှုအတွက် အာဆီယံလမ်းညွှန်ချက်။

အခန်း ၂

# လမ်းညွှန်ချက်၏ ရည်ရွယ်ချက်များ

၁။ လယ်ယာမြေ၊ အိမ်ထောင်စုနှင့် မြေယာရှုခင်းအဆင့်များတွင် စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးရလဒ်များ တစ်ပြိုင်နက်တည်းရရှိရေးတွင် သစ်တောသီးနှံရောနှောစနစ်၏ အခန်းကဏ္ဍကို မြှင့် တင်ရန်

၂။ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ သစ်တောသီးနှံရောနှောစနစ်မူဝါဒ၊ မဟာဗျူဟာနှင့် အစီအစဉ်ရေးဆွဲခြင်း၊ ပုဂ္ဂလိက ကဏ္ဍရင်းနှီးမြှုပ်နှံခြင်း တို့အပြင် အဆင့်မြင့်ပညာရေး၌ သစ်တောသီးနှံရောနှောစနစ် ဘာသာ ရပ် သင်ရိုးညွှန်းတမ်းနှင့် အစီအစဉ်များ ရေးဆွဲခြင်းတို့ကို လမ်းညွှန်ရန်

၃။ စားနပ်ရိက္ခာ ဖူလုံရေး၊ အစိမ်းရောင် သို့မဟုတ် စဉ်ဆက်မပြတ်တိုးတက်မှု၊ ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှင့်မှု လျှော့ချရေး၊ မြေယာထိန်းသိမ်းရေး၊ ရေဝေကုန်းတန်းဒေသ ကာကွယ်ရေး၊ ကျားမ တန်းတူ ရေး၊ လူမှုရေး/ လူထု သစ်တောကဏ္ဍ၊ ရာသီဥတုပြောင်းလဲမှု လျှော့ချရေးနှင့် လိုက်လျောညီထွေရှိရေး နှင့် ပို၍ ကျယ်ကျယ်ပြန့်ပြန့်သဘောအားဖြင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များ အောင်မြင်ရေးအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများအား ကူညီရန်

၄။ သစ်တောသီးနှံရောနှောစနစ် ဖွံ့ဖြိုးရေးဆိုင်ရာ ပူးတွဲလုပ်ရှားမှုများဖြင့် အာဆီယံအဖွဲ့ဝင် နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုကို အားကောင်းစေရန်

## အခန်း ၃

# အသုံးပြုရန် ရည်ရွယ်သူများ

ဤလမ်းညွှန်ချက်ကို အသုံးပြုရန် အဓိက ရည်ရွယ်သူများမှာ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ မူဝါဒ ချမှတ်သူများဖြစ်ကာ ဒုတိယရည်ရွယ်သူများမှာ သစ်တောသီးနှံရောနှောစနစ်နှင့် ဖွံ့ဖြိုးရေးတွင် ပါဝင်ပတ် သက်နေသော နိုင်ငံအဆင့်၊ ပြည်နယ်အဆင့် အစီအစဉ်/စီမံကိန်း ရေးဆွဲသူများ။ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများ၊ အဆင့်မြင့်ပညာရေးဌာနများ၊ ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့များဖြစ်သည်။ ဤလမ်းညွှန်ချက်ကို အရပ်ဖက်အဖွဲ့အစည်းများကလည်း ပညာပေးရည်ရွယ်ချက် အတွက် အသုံးပြုနိုင်သည်။

သစ်တောသီးနှံရောနှောစနစ် ဆိုသည်မှာ သစ်ပင်များကို စိုက်ပျိုးရေးအတွက် အသုံးပြုမှု အပါ အဝင် စိုက်ပျိုးရေးနှင့် သစ်ပင်များ အပြန်အလှန် ဆက်နွယ်နေသည့် စနစ်ဖြစ်သည်။ ၎င်းတွင် လယ်ယာမြေ များ၊ စိုက်ပျိုးရေး မြေယာရှုခင်းများရှိ သစ်ပင်များ၊ သစ်တောများ၊ သစ်တော နယ်စပ်များရှိ လယ်ယာ စိုက်ပျိုးမှု၊ သစ်ပင်-သီးနှံ ထုတ်လုပ်မှု၊ ငါးနှင့် ရေသတ္တဝါများ အတိုင်းအတာတစ်ခုအထိ အရေးပါသည့် မွေးမြူရေး စသည်တို့ပါဝင်သည်။ (သစ်ပင်နှင့် သီးနှံများ အတူတကွ စိုက်ပျိုးထားသည့်) လယ်ကွင်းများ၊ (သစ်ပင်များက မွေးမြူရေးအတွက် တိရစ္ဆာန်အစာ၊ လောင်စာ၊ အစားအစာ၊ အရိပ် သို့မဟုတ် သစ်နှင့် ၎င်းတို့ထုတ်ကုန်မှ ဝင်ငွေတို့ပေးသည့် သစ်ပင်များရှိသော) လယ်ယာမြေများနှင့် (စိုက်ပျိုးရေးနှင့် သစ်တော မြေ အသုံးပြုမှုသည် ဂေဟစနစ်အကျိုးပြုမှုများအတွက် ပေါင်းစပ်တည်ရှိနေသည့်) မြေယာရှုခင်းများ ပါဝင် သည်။ နိုင်ငံအလိုက်နှင့် ကမ္ဘာ့အဆင့်တို့တွင် သစ်တောကဏ္ဍနှင့် စိုက်ပျိုးရေးကဏ္ဍတို့သည် ဂေဟစနစ်အရ လည်းကောင်း၊ မြေယာအသုံးပြုမှုနှင့် ကုန်သွယ်မှုဆိုင်ရာ မူဝါဒများအရလည်းကောင်း၊ အပြန်အလှန် ဆက်နွယ်နေပြီး ရာသီဥတုပြောင်းလဲမှုနှင့် အခြားသဘာဝပတ်ဝန်းကျင် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အရေးပါ လျက်ရှိသည်။ သစ်တောသီးနှံရောနှောစနစ်သည် လုပ်ငန်းစုံ ဆောင်ရွက်နိုင်မှုကို အလေးပေးသော စိုက်ပျိုး ရေး-ဂေဟစနစ် ချဉ်းကပ်မှုနှင့် အပင်တစ်မျိုးတည်း စိုက်ပျိုးခြင်းအစား ရောနှောစနစ်များနှင့် အပင်မျိုးစုံ စိုက်ပျိုးရေးစနစ် စီမံခန့်ခွဲမှုကို လက်ခံထားသည်။ သစ်ပင်ဟူသော စကားရပ်တွင် သစ်ပင်များနှင့် ချုံနွယ်ပင် များ၊ သစ်အသားထူသော နှစ်ရှည်ပင်အားလုံး၊ ထန်းပင်နှင့် ဝါးပင်များပါဝင်သည်။ ထို့အတူ စိုက်ပျိုးရေး ဟူသော ဝေါဟာရသည် အပင်၊ တိရစ္ဆာန်နှင့် ရေသတ္တဝါများကို မွေးမြူထိန်းချုပ်၍ အစားအစာ၊ ဖိုင်ဘာနှင့် လောင်စာထုတ်ယူရန် ဆောင်ရွက်သော လူသား၏ လုပ်ဆောင်မှုတစ်ခုခုကို ရည်ညွှန်းသည်။ သစ်တော သီးနှံ ရောနှောစနစ်သည် စားနပ်ရိက္ခာ ဖူလုံရေး၊ မိသားစု အာဟာရပြည့်ဝရေး၊ ထင်းမှ စွမ်းအင်ဖြည့်ဆည်း ရေး၊ ရာသီဥတုပြောင်းလဲမှု လျှော့ချရေးနှင့် အသားကျရေး၊ ရေဝေကုန်းတန်းဒေသ ထိန်းသိမ်းရေး၊ မြေယာ ထိန်းသိမ်းရေးနှင့် စိုက်ပျိုးရေး

- ဇီဝမျိုးကွဲ တိုးတက်ရေးတို့အပါအဝင် ကဏ္ဍအများအပြားအတွက် အကျိုး ကျေးဇူးရှိကြောင်း သက်သေထူခဲ့ပြီး ဖြစ်သည်။ သစ်တောသီးနှံရောနှောစိုက်ပျိုးစနစ်သည် ကျေးလက်ဒေသ တွင် ဝင်ငွေရရှိစေသဖြင့် လယ်သမားများ၏ စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင် ဘေးအန္တရာယ် ဖြစ်နိုင် ချေများ၊ အထူးသဖြင့် ရာသီဥတုပြောင်းလဲမှုကြောင့် ဘေးဖြစ်နိုင်ချေများကို သီးနှံတစ်ခုတည်းအပေါ် လုံးလုံးလျားလျား မှီခိုခြင်းမရှိဘဲ ဖြန့်ဝေထားရှိနိုင်သည်။ အရှေ့တောင်အာရှဒေသမှ လယ်သမားများသည် သစ်တောသီးနှံရောနှောစိုက်ပျိုးစနစ်ကို အချိန်ကြာမြင့်စွာကတည်းကပင် ကျင့်သုံးနေခဲ့ပြီး စိုက်ပျိုးသည့် ပုံစံ များကို ၎င်းတို့ ဒေသအလိုက် ခွဲခြားနိုင်သည်။ (နောက်ဆက်တွဲ ၂)

ကမ္ဘာကြီးအတွက် သစ်တောများ၏ အရေးပါမှုကို ကောင်းစွာသိရှိကြပြီး ဖြစ်သော်လည်း မြေယာ ရှုခင်းပုံစံထိန်းသိမ်းမှု၊ စိုက်ပျိုးရေးလွှမ်းမိုးသည့် ဒေသများ၌ ပြည်တွင်းပြည်ပ ရည်မှန်းချက်များ အောင်မြင်မှု တို့အတွက် သစ်တောပြင်ပရှိ သစ်ပင်များ၏ အခန်းကဏ္ဍမှာလည်း အလားတူအရေးပါသည်။ ပျက်စီးယို ယွင်းနေသည့် မြေယာရှုခင်းကို ပြန်လည်ပြုစုပျိုးထောင်ရန် နည်းလမ်းများစွာရှိသည်။ သို့သော် ဇီဝမျိုးကွဲနှင့် ဂေဟစနစ်များကို တစ်ဖက်က ထိန်းသိမ်းရင်း၊ စားနပ်ရိက္ခာနှင့် အာဟာရဖူလုံရေး၊ ဝင်ငွေနှင့် အခြားဂေဟ စနစ် အကျိုးကျေးဇူးများ ဖြစ်ထွန်းရေးတို့အတွက် လူထုပါဝင်မှုမှတစ်ဆင့် သစ်တောသီးနှံရောနှော စိုက်ပျိုး စနစ် အသုံးပြုခြင်းကဲ့သို့ ထိရောက်သော နည်းလမ်းမျိုးကားမရှိချေ။ သစ်တောနှင့် မြေယာရှုခင်း ထိန်းသိမ်း ရေး နည်းလမ်းအဖြစ် အသုံးပြုသည့်အခါ သစ်တောသီးနှံရောနှောစနစ်သည် မြေဆီလွှာ၏ ရုပ်ပိုင်း၊ ဓာတ် ပစ္စည်းပိုင်း၊ ဇီဝပိုင်းလက္ခဏာများကို အားကောင်းစေခြင်းဖြင့် အာဟာရဓာတ် သံသရာလည်ခြင်း၊ မြေဆီလွှာ ပျက်စီးမှုကို ထိန်းချုပ်ခြင်းနှင့် ရေထိန်းသိမ်းခြင်းတို့ကို တိုးတက်စေသည်။ သစ်တောသီးနှံရောနှောစနစ် နည်းလမ်းဖြင့် မြေယာရှုခင်း ထိန်းသိမ်းခြင်းက မိုးခေါင်ခြင်း၊ စားနပ်ရိက္ခာရှားပါးခြင်းအပါအဝင် မမျှော်လင့် သော ဘေးအန္တရာယ်များအား လူမှုအသိုက်အဝန်းက ခံနိုင်ရည်ပိုရှိစေနိုင်ပြီး ရာသီဥတုပြောင်းလဲမှုကို လည်း လျော့နည်းစေကာ အသားကျရန် အကူအညီပေးသည် (အက်ဖ်အေအို ၂၀၁၇)။

ယနေ့အချိန်တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများက ကတိကဝတ်ပြုထားသည့် အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်များ၊ မူဘောင်များ၊ ရည်မှန်းချက်များ ပြည့်မီရေး အကောင်အထည် ဖော်သည့်နေရာတွင် သစ်တော သီးနှံရောနှော စိုက်ပျိုးစနစ်အား နည်းလမ်းတစ်ခုအဖြစ် ပိုမိုလက်ခံလာကြသည် (နောက်ဆက် တွဲ ၃)။ ၎င်းတို့အထဲတွင် ရာသီဥတုပြောင်းလဲမှု လျှော့ချရေးနှင့် အသားကျရေးတို့အတွက် အဓိကကျသော သစ်တောသီးနှံရောနှော စိုက်ပျိုးစနစ်တိုးတက်ရေးဆိုင်ရာ ကမ္ဘာ့မူဘောင်သဘောတူညီချက်ကို ရေးဆွဲခဲ့ပြီး ၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၄ ရက်တွင် စတင်အာဏာသက်ရောက်သည့် ပါရီသဘောတူစာချုပ်လည်း အပါ အဝင်ဖြစ်သည်။ သစ်ပင်များ၌ ကာဗွန်ဖမ်းစုပ်ယူနိုင်သော စွမ်းရည်ရှိသဖြင့် သစ်တောသီးနှံရောနှော စိုက်ပျိုး စနစ်သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ နိုင်ငံအလိုက် သတ်မှတ်ထားသော ဆောင်ရွက်ရန်များ ပြည့်မီစေ ရန် အထောက်အကူပြုသည်။ ထို့အပြင် ငတ်မွတ်မှု ပပျောက်ရေး၊ ဆင်းရဲမှုလျှော့ချရေး၊ ကျားမ တန်းတူရှိ ရေး၊ လူမှုရေးအရ အားလုံးပါဝင်ရေး၊ တန်ဖိုးသင့်ပြီး ပိုမိုသန့်ရှင်းသော စွမ်းအင်ရရှိရေး၊ မြေပေါ်မှ သက်ရှိ များ ကာကွယ်ရေး၊ မြေယာပျက်စီးမှုကို ပယ်ဖျက်ရေးနှင့် ရာသီဥတုပြောင်းလဲမှုကို တိုက်ဖျက်ရေးတို့ကို အထောက်အကူပြုရင်း သစ်တော သီးနှံရောနှော စိုက်ပျိုးစနစ်သည် ကုလသမဂ္ဂ စဉ်ဆက်မပြတ် ဖွံ့ဖြိုး တိုးတက်မှု ရည်မှန်းချက်များ အောင်မြင်ရေးအတွက် အဓိကကျလျက်ရှိသည် (နောက်ဆက်တွဲ ၂)။

# အခန်း ၄
# လမ်းညွှန် အခြေခံမှုများ

လမ်းညွှန်အခြေခံမှုများသည် အပြန်အလှန်ချိတ်ဆက်နေပြီး၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ရည်မှန်းချက်နှင့် မဟာဗျူဟာများ မည်သို့ပင်ရှိစေကာမူ အဆိုပါအခြေအနေအမျိုးမျိုးအတွက် သစ်တော သီးနှံ ရောနှော စိုက်ပျိုးစနစ် ဖွံ့ဖြိုးရေးဆောင်ရွက်မှုများ (ဥပမာ - မူဝါဒ၊ အစီအစဉ်၊ စီမံကိန်းနှင့် စီးပွားရေး ရင်းနှီးမြှုပ်နှံမှုများ) ကို လမ်းညွှန်မှုပေးနိုင်သည့် ကျယ်ပြန့်သော အယူအဆများပါဝင်သည်။ ဤအခန်းတွင် အခြေခံမှုတစ်ခုစီကို ကိုယ်စားပြုသည့် အဓိက လမ်းညွှန်ချက်များကို ဖော်ပြထားသည်။

## ၄.၁ အဖွဲ့အစည်းဆိုင်ရာ အခြေခံမှုများ

### အခြေခံမှု ၁။ ဖြစ်ထွန်းစေသော ပတ်ဝန်းကျင် ဖန်တီးခြင်း

အရှေ့တောင်အာရှ နိုင်ငံအများအပြားတွင် သစ်တောသီးနှံရောနှော စိုက်ပျိုးစနစ်အတွက် တိကျ သော ပင်မအဖွဲ့အစည်းမရှိသဖြင့် ယင်းစနစ်၏ မူဝါဒ၊ အစီအစဉ်နှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်အောင် ကူညီပံ့ပိုးနိုင်မည့် အခြေအနေကောင်းများဖြစ်မြော က်အောင် ဆောင်ကြဉ်းပေးနိုင်သော အဖွဲ့အစည်းနှင့် မူဝါဒ ပတ်ဝန်းကျင်ဖန်တီးရန် အရေးကြီးသည်။ အခြေအနေအားလုံး၌ မြေငှားရမ်းမှု၊ ငါးလုပ်ငန်းနှင့် သစ်တောကဏ္ဍ အက်ဖ်အေအို၏ တာဝန်သိသောအုပ်ချုပ်မှု (ပွင့်လင်းမြင်သာမှု၊ မျှတမှု၊ တာဝန်ခံမှု၊ အားလုံးပါဝင်မှု)[5] အပါအဝင် ကဏ္ဍမျိုးစုံမှ ကောင်းမွန်သော အုပ်ချုပ်မှုစနစ် အခြေခံမှုများကို စီမံကိန်း ရေးဆွဲခြင်း၊ ဆုံးဖြတ်ချက်ချမှတ်ခြင်း၊ သစ်တောသီးနှံရောနှော စိုက်ပျိုးစနစ် ဆောင်ရွက်မှုများ အကောင် အထည်ဖော်ခြင်းတို့၏ အဆင့်အားလုံးတို့တွင် လိုက်နာရမည်ဖြစ်သည်။ လမ်းညွှန်ချက်တွင် အောက်ပါ အချက်များမှာ ၎င်းတို့ကိုသာ ကန့်သတ်ထားခြင်းမရှိစေဘဲ ပါဝင်သည်-

လမ်းညွှန် ၁.၁။ သစ်တောသီးနှံရောနှောစနစ် အစီအစဉ်၊ စီမံကိန်း သို့မဟုတ် မူဝါဒများ ရေးဆွဲရာတွင် တည်ဆဲအပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ စာချုပ်များ၊ မူဘောင်များ၊ သဘောတူညီချက်များ၊ မဟာ ဗျူဟာများနှင့် အစီအစဉ်များကို လိုက်နာရန်

လမ်းညွှန် ၁.၂။ သစ်တောသီးနှံရောနှောစနစ်ဆိုင်ရာ နိုင်ငံအဆင့်ဥပဒေ၊

5 အမျိုးသား အစားအစာဖူလုံရေး အခြေအနေအတွက် မြေယာငှားရမ်းမှု၊ ငါးဖမ်းလုပ်ငန်းနှင် သစ်တောဆိုင်ရာ မိမိဆန္ဒအလျောက် ဆောင်ရွက်မှု လမ်းညွှန်၊ http://www.fao.org/docrep/016/i2801e/i2801e.pdf

စည်းကမ်း၊ မဟာဗျူဟာနှင့်
အစီအစဉ်များကို ဆန်းစစ်ပြီး
သစ်တောသီးနှံရောနှောစနစ်တွင်
ရှင်းလင်းသောမူဝါဒနှင့် ဥပဒေ
အထောက် အကူရရှိစေရေးကို
အထူးပြုသည့် မူဝါဒသစ် သို့မဟုတ်
မူဝါဒပြင်ဆင်ချက်များ ရေးဆွဲရန်

လမ်းညွှန် ၁.၃။ သစ်တောသီးနှံ
ရောနှောစနစ်အတွက်
အဖွဲ့အစည်းဆိုင်ရာ "အိမ်"
တည်ဆောက်ရန်။ လက်ရှိဖွဲ့စည်းပုံများကို
အကဲဖြတ်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများ၌
ရှင်းလင်းစွာ သတ်မှတ်ထားသည့်
သစ်တောသီးနှံရောနှောစနစ်
ဖွံ့ဖြိုးရေးတာဝန်၊ အခန်းကဏ္ဍ၊
ဝတ္တရားများကို ကြီးကြပ်ဆောင်ရွက်မည့်
သက်ဆိုင်ရာ ဝန်ကြီးဌာနရှိ
အဖွဲ့အစည်းတစ်ခုကို တာဝန်ပေးရန်
သို့မဟုတ် အဖွဲ့အစည်းသစ်တစ်ခုကို
ဖွဲ့စည်းတာဝန်ပေးရန်။

လမ်းညွှန် ၁.၄။ နိုင်ငံအဆင့်
သစ်တောသီးနှံရောနှောစနစ် အစီအစဉ်၊
မဟာဗျူဟာ သို့မဟုတ် လမ်းပြ
မြေပုံများရေးဆွဲပြီး ပြည်နယ်အဆင့်နှင့်
ဒေသအဆင့်များရှိ ဖွံ့ဖြိုးရေးလုပ်ငန်းကို
အထောက်အကူပြုရန်

လမ်းညွှန် ၁.၅။ မြေအငှားခိုင်မာမှု၊
ဈေးကွက် ပိုမိုကောင်းမွန်မှုနှင့်
အခြေခံအဆောက်အအုံ
တိုးတက်မှု များကဲ့သို့
သစ်တောသီးနှံရောနှောစနစ်ကို
အားပေးသော၊ ဆုလဒ်များ ချီးမြှင့်ကာ
စနစ် ဖြစ်ထွန်းစေသည့် အခြေအနေနှင့်
လုပ်ထုံးလုပ်နည်းများ ဆောင်ရွက်ပေးရန်

လမ်းညွှန် ၁.၆။ သစ်တောသီးနှံရောနှောစနစ်
တိုးတက်ရေးကို အထောက်အကူပြုမည့်
သင့်တော်ပြီး စဉ်ဆက်မပြတ်
ရန်ပုံငွေထောက်ပံ့နိုင်မည့်
နည်းလမ်းမျိုးစုံကို ရှာဖွေရန်

## အခြေခံမှု ၂။ ထိရောက်သော အဖွဲ့အစည်းဆိုင်ရာ စွမ်းရည်အသေအချာရှိစေခြင်း

အခြေခံမှု ၁ ကို ရည်ညွှန်းလျက်၊
အသိပညာကို ထိရောက်စွာ
မျှဝေရန်၊ နည်းပညာလွှဲပြောင်းရန်၊
သုတေသနလုပ်ရန်၊ အထောက်အကူပြု
ဝန်ဆောင်မှုပေးရန် စီမံကိန်းရေးဆွဲမှုကို
သွက်လက်စေရန်တို့ အတွက်
သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်
အဓိက မိတ်ဖက်များတွင်
တာဝန်ပေးထားသော သို့မဟုတ်
အသစ်ဖွဲ့စည်းထားသောအဖွဲ့များ၊
အေဂျင်စီများ သို့မဟုတ် ဌာနများ၏
စွမ်းရည်တိုးတက်မှုရှိရန် လိုအပ် သည်။
လမ်းညွှန်ချက်တွင် ၎င်းတို့ကိုသာ
ကန့်သတ်ထားခြင်းမရှိစေဘဲ
အောက်ပါအချက်များ ပါဝင်သည် -

လမ်းညွှန် ၂.၁။ အသိပညာ၊ ကျွမ်းကျင်မှု၊
နည်းပညာလမ်းညွှန်မှုများ
ထိရောက်စွာ ပံ့ပိုးနိုင်ရေး၊ အဆင့်
အသီးသီးတွင် စီမံကိန်းရေးဆွဲခြင်းနှင့်
ဆုံးဖြတ်ချက်ချမှတ်ရာတွင်
ပိုမိုပါဝင်နိုင်ရေး၊ ရလဒ်များ၊ ထိခိုက်မှုများ
ကို စောင့်ကြည့်ထိန်းသိမ်းရေးတို့အ
တွက် နိုင်ငံအဆင့်၊ ပြည်နယ်အဆင့်ရှိ
သစ်တောသီးနှံ ရောနှောစနစ်ကို
ကြီးကြပ်သော အဖွဲ့အစည်းနှင့်
၎င်း၏ မိတ်ဖက်များ၏ စွမ်းရည်များ
အားကောင်းစေရန်

လမ်းညွှန် ၂.၂။ အဆင့်အသီးသီး၌
သစ်တောသီးနှံရောနှော စိုက်ပျိုးစနစ်
ဖွံ့ဖြိုးရေးအတွက် နည်းပညာ
စွမ်းရည်အားကောင်းလာစေရန်

တစ်ဦးချင်းနှင့် အဖွဲ့အစည်းအလိုက် ကျွမ်းကျင်သူများကို ဖော်ထုတ်ပြီး စည်းရုံးရွှေ့ပြောင်းဆောင်ရွက်ရန်

လမ်းညွှန် ၂.၃။ ပူးပေါင်းပါဝင်သော သစ်တောသီးနှံရောနှောစနစ် သုတေသနလုပ်ငန်းများဆောင်ရွက်ရန်၊ အမျိုးသားအဆင့် သုတေသနစွမ်းရည် တိုးတက်စေရန်နှင့် မူဝါဒချမှတ်ခြင်း၊ စီမံကိန်းရေးဆွဲခြင်း လုပ်ငန်း များတွင် လူများတိုက်ရိုက်ပါဝင်စေခြင်းအားဖြင့် အသိပညာကို မူဝါဒနှင့် ချိတ်ဆက်ရန်

လမ်းညွှန် ၂.၄။ အကျိုးသက်ဆိုင်သူများအကြား အသိပညာနှင့် ကျွမ်းကျင်မှုလွှဲပြောင်းရေး၊ ဆွေးနွေးမှုများ ကို အားပေးရေး၊ သစ်တောသီးနှံရောနှောစနစ် အစီအစဉ်များ၊ စီမံကိန်းများ ရေးဆွဲရေးနှင့် မတူညီသော အခြေအနေများအတွက် သစ်တောသီးနှံရောနှောစနစ် ရွေးချယ်မှုများ ဒီဇိုင်းရေးဆွဲရေးတို့ကို အထောက် အကူပြုရန် အမျိုးသားအဆင့် ပညာပေးစွမ်းရည်များ တိုးတက်စေရန်

လမ်းညွှန် ၂.၅။ ပညာရေးအသိုင်းအဝိုင်းအပါအဝင် အမျိုးသားအဆင့် သုတေသနနှင့် တိုးချဲ့စနစ်များ အကြား၊ အပြည်ပြည်ဆိုင်ရာ သုတေသနနှင့် ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအကြား သုတေသနနှင့် ပညာပေးမှု ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ မြင့်တင်ရန်

လမ်းညွှန် ၂.၆။ လက်ရှိဒေသတွင်း အဆင့်မြင့်ပညာကွန်ယက်များမှတစ်ဆင့် တက္ကသိုလ်၊ ကောလိပ်များ၌ သစ်တောသီးနှံရောနှောစနစ် သင်ရိုးညွှန်းတမ်းများ ရေးဆွဲနိုင်ရန် ကူညီခြင်းအားဖြင့် သစ်တောသီးနှံရောနှောစနစ်ပညာရပ်ကို အားပေးရန်

လမ်းညွှန် ၂.၇။ အကျိုးသက်ဆိုင်သူအမျိုးမျိုး၏ သီးသန့်လိုအပ်ချက်များကို ဖော်ထုတ်၍ မြေပိုင်ရှင်ကြီး များ (မြေအငှားချထားခံရသူများ၊ ကုမ္ပဏီလယ်ယာမြေများ) နှင့် အသေးစားလယ်သမားများ၏ လိုအပ်ချက် မျိုးစုံအတွက် အထူးသီးသန့် အထောက်အကူပြုဝန်ဆောင်မှုများ[6] ပေးအပ်ရန်

## အခြေခံမှု ၃။ ထိရောက်သော ပူးပေါင်းဆောင်ရွက်မှုနှင့် ပူးပေါင်းပါဝင်သော ဆုံးဖြတ်ချက်ချမှု လုပ်ငန်းကို အကူအညီပေးခြင်း

"အာဆီယံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကဏ္ဍစုံ မူဘောင် - စားနပ်ရိက္ခာဖူလုံမှုအတွက် စိုက်ပျိုး ရေးနှင့် သစ်တောကဏ္ဍ" တွင် ဖော်ပြထားသည့်အတိုင်း သစ်တောသီးနှံရောနှောစနစ်၏ သဘာဝမျိုးစုံမှု၊ စိုက်ပျိုးရေး၊ သစ်တောနှင့် အခြားမြေအသုံးချမှုများအကြား ဆက်နွယ်၍ တိုးတက်ဖြစ်ထွန်းနေသည့် အယူ အဆများ၊ ကြားခံနေရာများ၊ အခြားကဏ္ဍများနှင့် မြေယာရှုခင်းအဆင့် အပြန်အလှန်ဆက်စပ်မှုများ၊ ချိတ် ဆက်မှုများ (ဥပမာ မွေးမြူရေး၊ စွမ်းအင်၊ ငါးမွေးမြူရေး၊ ရေ၊ ရာသီဥတုပြောင်းလဲမှုနှင့် ကျေးလက်ဒေသ အသက်မွေးမှုများ)၊ သစ်တောသီးနှံရောနှောစနစ် လုပ်ငန်းစီမံချက်ရေးဆွဲခြင်းနှင့် ပေါင်းစပ်ဆုံးဖြတ်ချက်ချမှတ်ခြင်းအတွက် မြေယာရှုခင်း

6 အထောက်အကူပြုဝန်ဆောင်မှုများတွင် သစ်တောသီးနှံရောနှောစနစ်ဆိုင်ရာ နည်းပညာ၊ ရိတ်သိမ်းချိန်လွန် နည်းလမ်းများ၊ ဈေးကွက်တင်ခြင်း၊ ကြွေးမြီနှင့် ငွေကြေးထောက်ပံ့မှုဆိုင်ရာ သင်တန်းများ ပါဝင်နိုင်သည်။

ချဉ်းကပ်မှုတို့ကို ထိရောက်သော သစ်တောသီးနှံရောနှောစနစ် ဖွံ့ဖြိုးရေး အတွက် ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။ လမ်းညွှန်ချက်တွင် ၎င်းတို့ကိုသာ ကန့်သတ်ထားခြင်းမရှိစေ ဘဲ အောက်ပါအချက်များ ပါဝင်သည် -

လမ်းညွှန် ၃.၁။ ပူးတွဲစီမံကိန်းရေးဆွဲခြင်း၊ သစ်တောသီးနှံရောနှော စိုက်ပျိုးရေးလုပ်ငန်း၊ အထူးသဖြင့် အသေးစားလယ်သမားအဆင့် လုပ်ငန်းများ၏ ရည်မှန်းချက်နှင့် အကောင်အထည်ဖော်မှုများ၊ ၏ သင့်တော် သည့် ဆုံးဖြတ်ချက်အဆင့်များတွင် အကျိုးသက်ဆိုင်သူအားလုံး ပူးပေါင်းပါဝင်ရေး ချဉ်းကပ်မှုကို မြှင့်တင် ရန်။ အကျိုးသက်ဆိုင်သူများတွင် မူဝါဒချမှတ်သူများ၊ သက်ဆိုင်ရာကဏ္ဍမှ စီမံကိန်းရေးဆွဲသူများ၊ ပုဂ္ဂလိက လုပ်ငန်း၊ ရင်းနှီးမြှုပ်နှံသူများ၊ မြေအငှားချထားခံရသူများ သုတေသနပညာရှင်များ၊ အစိုးရမဟုတ်သော အဖွဲ့ အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အလှူရှင်များနှင့် မိတ်ဖက်များ၊ လယ်သမား အဖွဲ့အစည်းများနှင့် သမဝါယ မများ၊ ဒေသခံတိုင်းရင်းသား သို့မဟုတ် တိုင်းရင်းသားလူနည်းစု အုပ်စုများ၊ အမျိုးသမီးနှင့် ထုတ်လုပ်သူ အဖွဲ့များ ပါဝင်နိုင်သည် (အခြေခံမှု ၈ နှင့် ချိတ်ဆက်)။

လမ်းညွှန် ၃.၂။ သစ်တောသီးနှံရောနှော စိုက်ပျိုးရေးလုပ်ငန်းများ၊ ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို ကောင်းစွာနားလည်ပြီး ကဏ္ဍလိုက် မဟာဗျူဟာများတွင် အသေအချာ ထည့်သွင်းရေးဆွဲရန်

လမ်းညွှန် ၃.၃။ ပေါ်လိုက် ပျောက်လိုက်နေရာများ၊ ရေတိုနှင့် ရေရှည် သက်ရောက်မှုများကို အာဆီယံ အဖွဲ့ဝင်နိုင်ငံများက လက်ခံကျင့်သုံးနေသော လူမှုရေး၊ စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင် စံနှုန်းများနှင့် အညီ ထည့်သွင်းစဉ်းစား၊ စီမံပြီး စောင့်ကြည့်စစ်ဆေးနိုင်ရန်အတွက် ရာသီဥတုစနစ်များ၏ အနာဂတ်ပြောင်း လဲမှုများ၊ စီးပွားရေးနှင့် မူဝါဒအပြောင်းအလဲများနှင့် သက်ဆိုင်သော ရှုခင်းတစ်ခုလုံး အခြေအနေဖြင့် သစ်တောသီးနှံ ရောနှောစိုက်ပျိုးရေး လုပ်ငန်းများအား ဒီဇိုင်းဆွဲရန် (အခြေခံမှု ၁၁ နှင့် ချိတ်ဆက်)

လမ်းညွှန် ၃.၄။ အသေးစားလယ်သမားများ၊ အသေးစားနှင့် အကြီးစား ထုတ်လုပ်သူအုပ်စုများ၊ ရပ်ရွာ အခြေပြု သစ်တောအုပ်စုများ၊ အကြီးစား မြေအငှားချထားခံရသူများနှင့် အစိုးရအဖွဲ့များအပါအဝင် မတူ ကွဲပြားသော အကျိုးသက်ဆိုင်သူများ၏ မတူကွဲပြားသော ရည်မှန်းချက်၊ အကျိုးစီးပွားနှင့် တာဝန်ခံမှုများကို သစ်တောသီးနှံရောနှောစနစ်အတွက် မြေယာရှုခင်းများ ရည်မှန်းရာတွင် ညီညွတ်သင့်မြတ်စွာ ထည့်သွင်း ရန် (အခြေခံမှု ၈၊ ၉၊ ၁၁ နှင့် ချိတ်ဆက်)

လမ်းညွှန် ၃.၅။ အကျိုးကျေးဇူးကြီးမားစေမည့် သဘာဝပတ်ဝန်းကျင်၊ လူမှုရေးနှင့် စီးပွားရေး သင့်တော်မှု နှင့်အညီ မြေယာရှုခင်းတစ်ခုတွင် သစ်တောသီးနှံရောနှောစနစ်အတွက် အသင့်တော်ဆုံး ဧရိယာများကို ရွေးချယ်ရာ၌ အကွာအဝေး ပြည့်စုံရှင်းလင်းသော ဧရိယာများကို

အသုံးပြုရန် (အခြေခံမှု ၁၁ နှင့် ချိတ်ဆက်)[7]

လမ်းညွှန် ၃.၆။ သိပ္ပံသုတေသန၊ စီမံကိန်းရေးဆွဲခြင်းနှင့် ဆုံးဖြတ်ချက်ချခြင်းများတွင် အစဉ်အလာ အသိ ပညာကို လေးစား၊ အသုံးချပြီး ပေါင်းစပ်ထည့်သွင်းရန်။ (အခြေခံမှု ၈ နှင့် ချိတ်ဆက်)

လမ်းညွှန် ၃.၇။ သစ်တောသီးနှံရောနှော စိုက်ပျိုးရေးသည် ဒေသရည်မှန်းချက်များကို အထောက်အကူပြု ပြီး အမျိုးသားအဆင့် ရည်မှန်းချက်များ၊ အာဆီယံမူဘောင်၊ မဟာဗျူဟာ၊ စီမံချက်အစီအစဉ်များသာမက အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း၊ စာချုပ်၊ သဘောတူညီချက်၊ ရည်မှန်းချက်၊ မဟာဗျူဟာများနှင့် ကိုက်ညီ သည်ကို သေချာစေရန်။

# ၄.၂။ စီးပွားရေး အခြေခံမှုများ

## အခြေခံမှု ၄။ ကုန်ပစ္စည်းများနှင့် ဂေဟစနစ် ဝန်ဆောင်မှုများ၏ တန်ဖိုးကို အသိအမှတ်ပြုခြင်း

သစ်တောသီးနှံရောနှောစနစ်သည် ဈေးကွက်များ၊ အိမ်ထောင်စုများနှင့် သဘာဝပတ်ဝန်းကျင် အတွက် ကုန်ပစ္စည်းနှင့် ဂေဟစနစ် ဝန်ဆောင်မှုပုံစံများဖြင့် အကျိုးကျေးဇူး အများအပြားပေးသည်။ သစ်တောသီးနှံ ရောနှောစနစ်သည် တစ်ခါတစ်ရံ ထုံးတမ်းအစဉ်အလာတစ်ခုဖြစ်ကာ လယ်သမားများက မြေယာ ထိန်းသိမ်းသူများဖြစ်ပြီး သစ်တော၊ သီးနှံရောနှောစနစ်ထုတ်ကုန်မှ တိုက်ရိုက်ဝင်ငွေရရှိစေခြင်း၊ ဂေဟစနစ် ဝန်ဆောင်မှုအစီအစဉ်မှ ဆုချီးမြှင့်ခြင်း စသည်တို့ဖြင့် ၎င်းတို့၏ ရေရှည်ရင်းနှီးမြှုပ်နှံမှုအတွက် အသိအမှတ်ပြုခြင်း၊ ဆုလာဒ်ပေးခြင်း သို့မဟုတ် လျော်ကြေးပေးခြင်းများ ဆောင်ရွက်ပေးသင့်သည်။ လမ်းညွှန်ချက်တွင် ၎င်းတို့ကိုသာ ကန့်သတ်ထားခြင်း မရှိစေဘဲ အောက်ပါအချက်များ ပါဝင်သည်-

လမ်းညွှန် ၄.၁။ သစ်တောသီးနှံရောနှော စိုက်ပျိုးရေးပစ္စည်းများအားလုံး (ဥပမာ - သုံးစွဲရန်နှင့် ရောင်းချရန် ကုန်ကြမ်းများ၊ ထုတ်ကုန်များ) ကို မျှတသော ကုန်သွယ်မှု သို့မဟုတ် အစိမ်းရောင် ကုန်ပစ္စည်းများကဲ့သို့ ဘရန်းကြော်ငြာခြင်း၊ လက်မှတ်ပေးခြင်းစသည့် နည်းလမ်းများဖြင့် မြှင့်တင်ရန်နှင့် သစ်တောသီးနှံ တန်ဖိုး ကွင်းဆက်မှနေ၍ အကျိုးကျေးဇူး ပိုမိုရရှိစေရေး စီးပွားရေးအရွယ်အစား ကြီးလာစေအောင် အသေးစား လယ်သမားများအနေဖြင့် စုပေါင်းလုပ်ဆောင်နိုင်ရေး ကူညီမှုမြှင့်တင်ရန်။

လမ်းညွှန် ၄.၂။ အစားအစာနှင့် အာဟာရဖူလုံရေး၊ ဇီဝ-စူးစမ်းရှာဖွေမှု (ဆေးဖက်ဝင်၊ စီးပွားဖြစ်အပင်နှင့် တိရစ္ဆာန်) နှင့်

7 ဥပမာ- FAO’s Sustainable Forest Management Toolbox (http://www.fao. org/sustainable-forest-management/ toolbox/tools/en/) and the World Agroforestry Centre’s Toolkits (http://www. worldagroforestry.org/ output?field_type_tid=756) and Land-use Planning for Multiple Environmental Benefits (LUMENS: http:// www. worldagroforestry.org/region/sea/publications/detail?pubID=3447)

စီးပွားဖြစ်လုပ်ကိုင်မှုအပါအဝင် သစ်တောသီးနှံထုတ်ကုန်အသုံးပြုမှု ရည်ရွယ်ချက်အမျိုးမျိုး အတွက် ဒေသဆိုင်ရာ ဗဟုသုတကို လေးစားရန်နှင့် အကျိုးသက်ဆိုင်သူများအကြား အကျိုးကျေးဇူးကို မျှတစွာခွဲဝေမှုကို သေချာအောင် ဆောင်ရွက်ရန် (အခြေခံမူ ၈၊ ၉ နှင့် ချိတ်ဆက်)

လမ်းညွှန် ၄.၃။ ရေဝေကုန်းတန်း၊ မြေယာထိန်းသိမ်းရေး၊ ကာဗွန်စုပ်ယူမှုနှင့် ဇီဝမျိုးကွဲ ကောင်းမွန်မှုတို့ အတွက် အဓိကအရေးကြီးသော သစ်တောသီးနှံရောနှောစနစ်ကပေးသည့် ဂေဟစနစ် အကျိုးကျေးဇူး အများစုမှာ အများပြည်သူပိုင်ပစ္စည်းများဖြစ်ပြီး အဆိုပါ အကျိုးကျေးဇူးများအတွက် ပိုမိုကာလရှည်သော မက်လုံးများ၊ ငွေကြေးနှင့် ဆုလဒ်များပေးရန် (အခြေခံမူ ၆ နှင့် ချိတ်ဆက်)။

လမ်းညွှန် ၄.၅။ လယ်ကွင်းထဲရှိ အပင်အရေအတွက်၊ သစ်တောသီးနှံရောနှောစိုက်ပျိုးသည့် မြေမျက်နှာ သွင်ပြင်၊ ကာဗွန် ဘေးအန္တရာယ်လျှော့ချနိုင်သည့် အလားအလာ၊ ပထဝီနေရာ ဖြန့်ဖြူးမှု၊ ထုတ်လုပ်နိုင်စွမ်း၊ အမြတ်ရရှိနိုင်စွမ်းနှင့် ကျင့်သုံးမှုမှတ်တမ်းများစသည့် သစ်တောသီးနှံရောနှောစနစ် အချက်အလက်များအား ကမ္ဘာ၊ ကမ္ဘာ့ဒေသဆိုင်ရာနှင့် နိုင်ငံအဆင့် ဒေတာဘေ့စ်များတွင် ပေါင်းစပ်ထည့်သွင်းရန်။

## အခြေခံမူ ၅။ သစ်တောသီးနှံရောနှောစနစ် ရင်းနှီးမြှုပ်နှံမှုနှင့် ဈေးကွက်များအတွက် ပတ်ဝန်းကျင်ကောင်း ဖြစ်ထွန်းစေခြင်း

တိုက်ရိုက်နှင့် သွယ်ဝိုက်မက်လုံးများ၊ စနစ်ဖြစ်ထွန်းစေမည့် ပတ်ဝန်းကျင်များကို အာဆီယံ အဖွဲ့ဝင် နိုင်ငံများက ဖန်တီးခြင်းသည် ကုမ္ပဏီများ၊ အသေးစား ရင်းနှီးမြှုပ်နှံသူများအား သစ်တောသီးနှံ ရောနှော စိုက်ပျိုးမှုတွင် ရေရှည်ရင်းနှီးမြှုပ်နှံရန် အားပေးသည်။ အဆိုပါ ရင်းနှီးမြှုပ်နှံမှုများကို ဈေးကွက်လက်လှမ်းမီမှု အပါအဝင် အခြားအတားအဆီးကြီးမားသော တစ်နိုင်တစ်ပိုင် ထုတ်လုပ်မှုဖြစ်ရပ်များမှအပကျန်ဈေးကွက် များအတွက် ဦးတည်ဆောင်ရွက်နိုင်သည်။ ဈေးကွက်စနစ်သစ်ကို လိုကောင်းလိုအပ်မည်ဖြစ်သော်လည်း လူမှုရေး၊ စီးပွားရေး ပဋိပက္ခများ ဖြစ်နိုင်သဖြင့် သစ်တောသီးနှံရောနှော စိုက်ပျိုးရေးအတွက် ပတ်ဝန်းကျင် ကောင်းများဖန်တီးခြင်းမှာ တာဝန်ရှိသော ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အာဆီယံ လမ်းညွှန်ချက်နှင့်အညီ ဖြစ်ရမည်။ လမ်းညွှန်ချက်တွင် ၎င်းတို့ကိုသာ ကန့်သတ်ထားခြင်းမရှိစေဘဲ အောက်ပါအချက်များ ပါဝင်သည် -

လမ်းညွှန် ၅.၁။ အသေးစားလယ်သမားများနှင့် အလတ်စားလုပ်ငန်းများ၏ သစ်တောသီးနှံ ရောနှောစနစ် စီးပွားရေးမိုဒယ်ကို အထောက်အကူပြုနိုင်ရေးအတွက် ဆင်းရဲသားများကို အလေးပေးသော အကြွေးစနစ် (ဥပမာ အတိုးနှုန်းနိမ့်ပြီး အကြွေးဆပ်ကာလ ကြာမြင့်သောစနစ်) အပါအဝင် ငွေကြေးထောက်ပံ့မှုစနစ်များ ဖော်ထုတ်ရေးဆွဲရန်။

လမ်းညွှန် ၅.၂။ သစ်တောသီးနှံရောနှောစနစ်တွင် ရင်းနှီးမြှုပ်နှံမည့် ဘဏ္ဍာရေးလုပ်ငန်းရှင်များက ယုံကြည်မှု ရှိလာစေရန် နိုင်ငံအဆင့်နှင့် ပြည်နယ်အဆင့်များတွင် ကာလပိုကြာပြီး အပြောင်းအလဲလုပ်ရ

လွယ်ကူ သော ရင်းနှီးမြှုပ်နှံမှုနှင့် မြေအသုံးချမှု စီမံကိန်းဆိုင်ရာ အထောက်အကူပြုမှုဝါဒများ ချမှတ်ရန်။

လမ်းညွှန် ၅.၃။ သစ်တောသီးနှံရောနှောစနစ် တန်ဖိုးကွင်းဆက် ဖွံ့ဖြိုးရေးနှင့် ဈေးကွက်ချိတ်ဆက်မှုများ ဖန်တီးရေးတို့အတွက် နည်းပညာနှင့် ကုန်သွယ်မှုမြှင့်တင်ရေး အထောက်အကူများပေးရန် (အခြေခံမှု ၄ နှင့် ချိတ်ဆက်)။

လမ်းညွှန် ၅.၄။ အသေးစားနှင့် အကြီးစား ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်ရန်အတွက် သစ်တောသီးနှံ ရောနှောစနစ်ကုန်ပစ္စည်းများ ထုတ်လုပ်ခြင်း၊ ဈေးကွက်တင်ခြင်းတို့တွင် ပွင့်လင်းမြင်သာပြီး ရိုးရှင်းလွယ်ကူ သော လုပ်ထုံးလုပ်နည်းများ ချမှတ်ရန်။

လမ်းညွှန် ၅.၅။ သစ်တောသီးနှံရောနှောစနစ် ထုတ်ကုန်တန်ဖိုးများကို လျော့ကျစေမည့် သို့မဟုတ် သစ်တောသီးနှံရောနှောစနစ် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ၊ အထူးသဖြင့် အသေးစားလယ်သမားများ၏ အခွင့်အလမ်းများကို အကန့်အသတ်ဖြစ်စေမည့်၊ အခြားကဏ္ဍများမှ ပေါ်ထွက်လာသော စီးပွားရေး အခြေအနေဆိုးများကို ဖယ်ရှားရန်။

လမ်းညွှန် ၅.၆။ လူ့အဖွဲ့အစည်းကို အကျိုးဖြစ်စေမည့် သစ်တောသီးနှံရောနှောစနစ် လုပ်ငန်းများအတွက် တိုက်ရိုက်နှင့် သွယ်ဝိုက်မက်လုံးများပေးရန် (အခြေခံမှု ၄ နှင့် ချိတ်ဆက်)။

## ၄.၃။ သဘာဝပတ်ဝန်းကျင် အခြေခံမှုများ

### အခြေခံမှု ၆။ လယ်ယာမြေနှင့် မြေယာရှုခင်း အတိုင်းအတာတွင် ဂေဟစနစ်အကျိုးကျေးဇူးများကို ထိန်းသိမ်း၍ တိုးတက်အောင် ဆောင်ရွက်ခြင်း

သစ်တောသီးနှံရောနှော လယ်ကွင်းများသည် တစ်ခါတစ်ရံ တစ်ချိန်တည်း၌ ရည်ရွယ်ချက်မျိုးစုံ အတွက် အလုပ်အကျွေးပြုနေသည့် မြေယာရှုခင်းများတွင် တည်ရှိနေတတ်သည်။ အများအားဖြင့် အဆိုပါ အရောစနစ်သည် အရေးပါသော ကုန်းမြင့်များ၊ ရေဝေကုန်းတန်းများတွင် တည်ရှိကြသည်။ ထို့ကြောင့် သစ်တောသီးနှံ ရောနှောစိုက်ပျိုးရေးသည် ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်ရုံသာမက ဂေဟစနစ် အကျိုး ကျေးဇူး အများအပြားကိုလည်းပေးသည်။ ထိုအချက်ကြောင့် သစ်တောသီးနှံရောနှောစနစ် ဖွံ့ဖြိုးရေးသည် အဆိုပါ မြေယာရှုခင်းများမှ ပေါ်ထွက်လာသော ဂေဟစနစ် အကျိုးကျေးဇူးများကို စောင့်ရှောက်ရေး၊ ထိန်း သိမ်းရေး၊ တိုးတက်ရေးတို့ကိုလည်း အသေအချာဆောင်ရွက်သင့်သည်။ စီးပွားရေးနှင့် အခြားအကျိုး ကျေးဇူးများကို မထိခိုက်စေဘဲ ရည်မှန်းထားသည့် ဂေဟစနစ်အကျိုးကျေးဇူးများကို ရရှိနိုင်ရေးအတွက် သစ်တောသီးနှံ ရောနှောစိုက်ပျိုးရေးကို ဂရုတစိုက်စီမံကိန်းဆွဲပြီး မှန်ကန်စွာ စီမံခန့်ခွဲသင့်သည်။ လမ်းညွှန် ချက်တွင် ၎င်းတို့ကိုသာ ကန့်သတ်ထားခြင်း မရှိစေဘဲ အောက်ပါအချက်များပါဝင်သည် -

လမ်းညွှန် ၆.၁။ စီးပွားရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ

အကျိုးကျေးဇူးမျိုးစုံကို လယ်ယာမြေ အဆင့်မှ ရှုခင်းအဆင့်အထိ အဆင့်မျိုးစုံတွင် တစ်ပြိုင်တည်းရရှိရေး ရည်ရွယ်ချက်ဖြင့် သစ်တောသီးနှံ ရောနှောစိုက်ပျိုးရေး လုပ်ငန်းများအား အသေအချာ စီမံကိန်းရေးဆွဲရန်။ (အခြေခံမူ ၃၊ ၁၁ နှင့် ချိတ်ဆက်)။

လမ်းညွှန် ၆.၂။ သစ်တောနှင့် ရှုခင်းထိန်းသိမ်းမှုလုပ်ငန်းများ၊ ပျက်စီးနေသည့် မြေယာများ ပြန်လည်ပျိုးထောင်ခြင်း၊ မြေဆီလွှာတိုက်စားမှု လျော့ကျရေး၊ ရာသီဥတုပြောင်းလဲမှု လျော့နည်းရေး၊ သစ်တောပြုန်းတီးမှု ပပျောက်ရေးတို့အပါအဝင် ဂေဟစနစ် အကျိုးကျေးဇူးများ ထိန်းသိမ်းမြှင့်တင်ရေးတွင် သစ်တောသီးနှံ ရောနှောစိုက်ပျိုးရေး၏ ကောင်းသောသက်ရောက်မှုများကို အသိအမှတ်ပြုပြီး အကဲဖြတ်ရန်။ (အခြေခံမူ ၄၊ ၁၁ နှင့် ချိတ်ဆက်)။

လမ်းညွှန် ၆.၃။ အကြီးစား သစ်တောသီးနှံ ရောနှောစိုက်ပျိုးရေးလုပ်ငန်းများ မဆောင်ရွက်မီ ဂေဟစနစ် အကျိုးကျေးဇူးများအပေါ် သက်ရောက်မှုအား စောင့်ကြည့်မည့် အခြေခံစည်းမျဉ်းများ ရေးဆွဲခြင်းအပါအဝင် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းများ ဆောင်ရွက်ရန်။

လမ်းညွှန် ၆.၄။ ထိခိုက်မှု လျော့ချရေးအစီအမံများ ကျင့်သုံးပြီးနောက် သစ်တောသီးနှံ ရောနှောစနစ် ဖွံ့ဖြိုးမှုလုပ်ငန်းများကြောင့် ဖြစ်ပေါ်လာသည့် မရှောင်လွှဲနိုင်သည့် ပျက်စီးဆုံးရှုံးမှုကို ပြန်လည်အစားထိုးနိုင် ရေးအတွက် နိုင်ငံရ ဇီဝမျိုးကွဲ တိုးတက်မှုကို အထောက်အကူပြုဆောင်ရွက်ရန်။

လမ်းညွှန် ၆.၅။ ဂေဟစနစ်အတွက် ၎င်းတို့၏ အကျိုးပြုမှုများကို သေချာစေရန် သစ်တောသီးနှံ ရောနှော စိုက်ပျိုးရေးလုပ်ငန်းများ တည်ထောင်၊ စီမံခန့်ခွဲရာတွင် စံသတ်မှတ်ကျင့်သုံးမည့် လုပ်ငန်းခွင် လက်တွေ့ အလေ့အထများကို ရေးဆွဲအကောင်အထည်ဖော်ရန် (အခြေခံမူ ၁၁၊ ၁၂ နှင့် ချိတ်ဆက်)။

## အခြေခံမူ ၇။ အလျှော့အတင်းဟန်ချက်ကို နားလည်ပြီး စီမံခန့်ခွဲခြင်း

အလျှော့အတင်းဟန်ချက်ဆိုသည်မှာ တစ်ချိန်တည်းတွင် မရနိုင်သည့် အကျိုးကျေးဇူးများကို ဟန်ချက်ညီအောင် ထိန်းခြင်းဖြစ်သည်။ သစ်ပင်၊ သီးနှံ၊ ငါးများနှင့် တိရစ္ဆာန်မွေးမြူရေးတို့ကို မြေယာယူနစ် တစ်ခုထဲတွင် စုပေါင်း၍ သစ်တောသီးနှံ ရောနှောစနစ်ကို မိတ်ဆက်ဆောင်ရွက်သည့်အခါ အလျှော့အတင်း ဟန်ချက်ကို နားလည်ရန်နှင့် စီမံခန့်ခွဲရန် အရေးကြီးသည်။ သစ်တောသီးနှံ ရောနှောစနစ်တွင် အစိတ် အပိုင်းအမျိုးမျိုးကို နေရာချရာ၌ အကွာအဝေးအရလည်းကောင်း၊ ယာယီအားဖြင့်လည်းကောင်း အလျှော့အတင်း ဟန်ချက်ဖြစ်ပေါ်သည်။ ဥပမာ လယ်ယာစိုက်ပျိုးရေးစနစ်တွင် သစ်ပင်များကို အစိတ်အပိုင်းတစ်ခု အဖြစ် ထည့်သွင်းစိုက်ပျိုးပါက ရေရှည်တွင် ရင်းနှီးမြှုပ်နှံမှုနှင့် အမြတ်ပြန်ရငွေများ အကျိုးကျေးဇူးရရှိနိုင်သည်။ အလျှော့အတင်းဟန်ချက်ကို ပိုမိုနားလည်ရန်နှင့် စီမံခန့်ခွဲနိုင်ရန်အတွက် လမ်းညွှန်ချက်တွင် ၎င်းတို့ ကိုသာ ကန့်သတ်ထားခြင်းမရှိစေဘဲ အောက်ပါအချက်များ ပါဝင်သည် -

လမ်းညွှန် ၇.၁။ ရေတိုနှင့် ရေရှည်ထုတ်လုပ်မှုအတွက် အသေးစား

လယ်သမား၊ အလတ်စား၊ အကြီးစား နှင့် ကုမ္ပဏီ လယ်သမားများ၏ ဆုံးဖြတ်ချက်ချမှတ်မှုကို နားလည်ရန်၊ အိမ်ထောင်စုများမှ မတူညီသော အဖွဲ့ဝင်များ (အထူးသဖြင့် အမျိုးသမီးများ၊ လူငယ်များ)၊ စက်မှုလုပ်ငန်းနှင့် ဈေးကွက်တို့ကို ထည့်သွင်းစဉ်းစားလျက် ပူးပေါင်းပါဝင်မှု နည်းလမ်းများကို အသုံးပြုရန်။ (အခြေခံမူ ၃၊ ၁၁၊ ၁၂ နှင့် ချိတ်ဆက်)။

လမ်းညွှန် ၇.၂။ စီးပွားရေးနှင့် ပတ်ဝန်းကျင် ကုန်ကျစရိတ်၊ သစ်တောသီးနှံ ရောနှောစနစ် လုပ်ငန်းများ၏ အကျိုးကျေးဇူးများကို အရေအတွက်ဖြင့် ဖော်ပြလျက် ဖြစ်နိုင်ချေရှိသော အလျော့အတင်းမျှခြေ ပမာဏကို ခန့်မှန်းပြီး ဆုံးဖြတ်ချက်ချမှတ်မှုကို အထောက်အကူပြုရန်။ ကုန်ကျစရိတ်များမှာ မြေယာ၊ လုပ်သား၊ ငွေကြေးရင်းနှီးမြှုပ်နှံမှုကဲ့သို့ သွင်းအားစုများဖြစ်ကာ၊ အကျိုးကျေးဇူးများမှာ သစ်ပင်၊ သီးနှံ၊ ငါး၊ မွေးမြူရေး တိရစ္ဆာန် ထွက်ကုန် နှင့်/သို့မဟုတ် ဂေဟစနစ် အကျိုးကျေးဇူးများကဲ့သို့ ထုတ်လုပ်မှုများ ဖြစ်သည်။ (အခြေခံမူ ၄၊ ၆ နှင့် ချိတ်ဆက်)။

လမ်းညွှန် ၇.၃။ လယ်သမားများနှင့် ရင်းနှီးမြှုပ်နှံသူများ၏ လက်လွှတ်လိုက်ရသည့် ဂင်ငွေ၊ အထူးသဖြင့် သစ်တောသီးနှံ ရောနှောစနစ်ကျင့်သုံးသည့် ကနဦးနှစ်များအတွင်း ဆုံးရှုံးမှုအတွက် ထည့်သွင်းစဉ်းစားပြီး အလျော့အတင်းမျှခြေ နစ်နာမှုကို လျှော့ချရေးအတွက်၊ အတိုးနှုန်းနိမ့်ပြီး ကာလရှည် ချေးငွေပေးခြင်း၊ အခွန်ကင်းလွတ်ခွင့်ကာလ သတ်မှတ်ပေးခြင်း၊ အာမခံ ပရီမီယံများထားရှိပေးခြင်းနှင့် ဂေဟစနစ် အကျိုး ကျေးဇူးများအတွက် မက်လုံးပေးခြင်းစသည့် နည်းလမ်းများကို ရှာဖွေရန် (အခြေခံမူ ၄၊ ၅၊ ၆ နှင့် ချိတ်ဆက်)။

# ၄.၄။ လူမှုယဉ်ကျေးမှု အခြေခံမူများ

## အခြေခံမူ ၈။ ဒေသဆိုင်ရာ ဇဟုသုတ၊ အစဉ်အလာနှင့် ရွေးချယ်မှုများကို အသိအမှတ်ပြု လေးစားခြင်း။

သစ်တောသီးနှံ ရောနှောစနစ်လုပ်ငန်းများ စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရာတွင် လူမှုရေး စံနှုန်းများ၊ ယဉ်ကျေးမှု တန်ဖိုးစနစ်များနှင့် ဒေသဆိုင်ရာ/ ထုံးတမ်းစဉ်လာ ဗဟုသုတစနစ်များကို ထည့်သွင်း စဉ်းစားသင့်သည်။ လမ်းညွှန်ချက်တွင် ၎င်းတို့ကိုသာ ကန့်သတ်ထားခြင်းမရှိစေဘဲ အောက်ပါအချက်များ ပါဝင်သည်-

လမ်းညွှန် ၈.၁။ သစ်တောသီးနှံ ရောနှောစနစ်လုပ်ငန်းများ ဆောင်ရွက်ရန် ရည်ရွယ်သည့် လူမှုအသိုက် အဝန်း၏ အစဉ်အလာဗဟုသုတနှင့် အလေ့အထများအပါအဝင်၊ ဒေသဆိုင်ရာ၊ ထုံးတမ်းအစဉ်အလာ သို့မဟုတ် ဓလေ့ထုံးတမ်း တန်ဖိုးစနစ်များကို အသိအမှတ်ပြုပြီး လေးစားရန် (အခြေခံမူ ၄၊ ၁၀ နှင့် ချိတ်ဆက်)။

လမ်းညွှန် ၈.၂။ အခမဲ့၊ ကြိုတင်အသိပေးသဘောတူမှု လုပ်ငန်းစဉ်ဖြင့် သစ်တောသီးနှံ

ရောနှောစနစ် လုပ်ငန်း အဓိက ရင်းနှီးမြှုပ်နှံမှုများတွင် ဒေသခံ အကျိုးသက်ဆိုင်သူများ ပါဝင်လာမှုကို အခိုင်အမာရယူရန် (အခြေခံမှု ၁၀ နှင့် ချိတ်ဆက်)။[8]

လမ်းညွှန် ၈.၃။ သုတေသနဆောင်ရွက်သည့်အခါနှင့် စီမံကိန်းရေးဆွဲစဉ်၊ ဆုံးဖြတ်ချက်ချမှတ်စဉ်တို့တွင် သစ်တောသီးနှံ ရောနှောစနစ် ရွေးချယ်စရာများနှင့် စပ်လျဉ်းသည့် ဒေသဆိုင်ရာ ဗဟုသုတနှင့် ရွေးချယ်မှု များ (ဥပမာ သစ်ပင်နှင့် သီးနှံအမျိုးအစား၊ မွေးမြူမည့် တိရစ္ဆာန်နှင့် အမျိုးအစား)၊ ရည်ရွယ်ချက်နှင့် အလေ့ အထများကို အသေးအချာ ထည့်သွင်းစဉ်းစားရန် (အခြေခံမှု ၃၊ ၄၊ ၁၀၊ ၁၁ နှင့် ၁၂ နှင့် ချိတ်ဆက်)။

လမ်းညွှန် ၈.၄။ ဒေသခံများ အထူးသဖြင့် ဒေသတွင် မူရင်းနေထိုင်သူနှင့် တိုင်းရင်းသားလူနည်းစုများ အတွက် အထူးပြုလိုအပ်သည့် လေ့ကျင့်မှု၊ နည်းပညာ၊ မြေယာနှင့် သယံဇာတ အခွင့်အရေးများ၊ ရုပ်ပိုင်း အခြေခံအဆောက်အအုံနှင့် ဈေးကွက်သတင်းအချက်အလက်များကို သိရှိနားလည်ပြီး ကိုင်တွယ်ဆောင် ရွက်ရန် (အခြေခံမှု ၃ နှင့် ချိတ်ဆက်)။

လမ်းညွှန် ၈.၅။ တိုးတက်မှုနှင့် ထိခိုက်မှုကို ဆန်းစစ်ရန်သာမက အာဆီယံအဖွဲ့ဝင်နိုင်ငံများက ကျင့်သုံးနေသော လူမှုဖူလုံရေးဥပဒေများ၊ ရင်းနှီးမြှုပ်နှံမှု လမ်းညွှန်ချက်များ၊ သက်ဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ဥပဒေ များနှင့် ညီညွတ်မှုတို့ကို စောင့်ကြည့်စစ်ဆေးရန်အတွက် လူမှုစီးပွားယဉ်ကျေးမှု အခြေခံများ ရေးဆွဲရန်။

လမ်းညွှန် ၈.၆။ သစ်တောသီးနှံ ရောနှောစနစ် အဓိက ရင်းနှီးမြှုပ်နှံမှုများကြောင့် ဒေသခံ လူထုအား နေရပ် ပြောင်းရွှေ့ခြင်း သို့မဟုတ် စွန့်ခွာရခြင်းများကို တားဆီးရန် (အခြေခံမှု ၃၊ ၈၊ ၉ နှင့် ချိတ်ဆက်)။

## အခြေခံမှု ၉။ ကျားမတန်းတူဖြစ်မှုနှင့် လူမှုရေးအားလုံးပါဝင်မှုကို အထောက်အကူပြုခြင်း

သစ်တောသီးနှံ ရောနှောလုပ်ငန်းများကို မူဝါဒရေးဆွဲသည့်အခါနှင့် စီမံကိန်းရေးဆွဲ အကောင် အထည်ဖော်သည့်အခါ လူမှုရေးအရ အားလုံးပါဝင်မှုနှင့် ကျားမတန်းတူညီမျှမှုများကို ထည့်သွင်းစဉ်းစားသင့် သည်။ အဆိုပါကိစ္စများတွင် ဒေသခံတိုင်းရင်းသားလူမျိုးများ၊ တိုင်းရင်းသားလူနည်းစုများကဲ့သို့ ဘေးရောက် နေသည့် အုပ်စုများ၊ လူငယ်များအပါအဝင် လူမှုရေးအုပ်စု အမျိုးအစားအားလုံးအတွက် လက်လှမ်းမီရမည် ဖြစ်သည်။ ကျားမ ကွဲပြားမှုများကို ထည့်သွင်းစဉ်းစားပြီး လမ်းညွှန်အခြေခံမှုအရ သစ်တောသီးနှံ ရောနှော လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် ကျားမ စုပေါင်းလုပ်ဆောင်မှုအကျိုးကို မြှင့်တင်ခြင်းသည် အာဆီယံ ကျားမတန်းတူဖြစ်မှုဆိုင်ရာ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်သင့်သည်။ လမ်းညွှန်ချက်တွင် ၎င်းတို့ကိုသာ

8 FAO's Free, Prior and Informed Consent manual: https://www.un.org/development/desa/indigenouspeoples/publications/2016/10/free-prior-andinformed-consent-an-indigenous-peoplesright-and-a-good-practice-for-local-communities-fao/

ကန့်သတ်ထားခြင်း မရှိစေဘဲ အောက်ပါအချက်များ ပါဝင်သည်-

လမ်းညွှန် ၉.၁။ သစ်တောသီးနှံ ရောနှောလုပ်ငန်းအတွက် ဆုံးဖြတ်ချက်ချမှတ်ခြင်း၊ ဒီဇိုင်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့တွင် ကျားမတန်းတူရှိမှုနှင့် လူမှုရေးအားလုံးပါဝင်မှုတို့ အရေးကြီးပုံကို အသိ အမှတ်ပြုရန်။

လမ်းညွှန် ၉.၂။ အသေးစားလယ်သမားများ၊ ဒေသခံလူမျိုး/ဓလေ့ထုံးတမ်းလူမျိုး/ တိုင်းရင်းသားအုပ်စု/ နေ ရပ်စွန့်ခွာဒေသခံများစသည့် လူမှုရေးအရ ဘေးဖယ်ခံထားရသူများက အကျိုးရှိရှိပါဝင်သော သစ်တောသီးနှံ ရောနှောလုပ်ငန်း အသေအချာဖြစ်စေရန်။

လမ်းညွှန် ၉.၃။ လူမှုရေးအရ ဘေးဖယ်ခံထားရသည့် အုပ်စုများက အကြီးစား သို့မဟုတ် ကုမ္ပဏီများ၏ သစ်တော သီးနှံ ရောနှောလုပ်ငန်းမှနေ၍ အကျိုးကျေးဇူးရရှိခြင်း သို့မဟုတ် မကောင်းသည့် သက်ရောက်မှု များ မရှိခြင်းကို အသေအချာဖြစ်စေရန်။ (အခြေခံမူ ၈၊ ၁၀ နှင့် ချိတ်ဆက်)။

လမ်းညွှန် ၉.၄။ သစ်တောသီးနှံ ရောနှောလုပ်ငန်းများသည် ကျားမ အခန်းကဏ္ဍ၊ ဆုံးဖြတ်ချက်ချမှု ကန့်သတ်ချက်နှင့် အခွင့်အလမ်းများဆိုင်ရာ ကွာခြားချက်များကို နားလည်ခြင်းအားဖြင့်လည်းကောင်း၊ သစ်တောသီးနှံရောနှောစနစ် အခွင့်အလမ်းများ (သတင်းအချက်အလက် နည်းပညာ၊ ငွေကြေးထောက်ပံ့မှု အပါအဝင်) နှင့် ဆက်စပ်သော အကျိုးကျေးဇူးများကို အမျိုးသမီးများ တိုးတက်ရရှိရေး ဆောင်ရွက်ခြင်းဖြင့် လည်းကောင်း၊ ကျားမတန်းတူမှုကို အသေအချာအားကောင်းစေရန်။

လမ်းညွှန် ၉.၅။ အသစ်မိတ်ဆက်လိုက်သော သစ်တောသီးနှံ ရောနှောလုပ်ငန်းများ သို့မဟုတ် နည်းပညာ များတွင် ကျားမတန်းတူမှုကို ထည့်သွင်းစဉ်းစားရန်၊ အထူးသဖြင့် အမျိုးသမီးများထံမှ လုပ်အားလိုအပ်မှု တွင် အသေအချာထည့်သွင်းစဉ်းစားရန်။

လမ်းညွှန် ၉.၆။ လူမှုရေးအရနှင့် ကျားမ အားလုံးပါဝင်သော သစ်တောသီးနှံ ရောနှောလုပ်ငန်းများ ဆောင် ရွက်ရာတွင် အမျိုးသားအဆင့် သုတေသန၊ တိုးချဲ့စနစ်များနှင့် အစိုးရမဟုတ်သော အဖွဲ့များ၏ စွမ်းရည် ပိုမို အားကောင်းစေရန် (အခြေခံမူ ၂ နှင့် ချိတ်ဆက်)။

### အခြေခံမူ ၁၀။ မြေယာရမ်းလုပ်ကိုင်မှု အခွင့်အရေးနှင့် ကာကွယ်စောင့်ရှောက်မှုများ သေချာစေခြင်း

သစ်တောသီးနှံ ရောနှောလုပ်ငန်းများသည် မြေနှင့် သယံဇာအခွင့်အရေးများ မရှင်းလင်းသည့် ဒေသရှိ အကျိုးသက်ဆိုင်သူများအကြား တင်းမာမှုများ ဖန်တီးပေးနိုင်ချေရှိသည်။ ထို့ကြောင့် မြေယာရမ်း လုပ်ကိုင်မှုအခွင့်အရေးကို ကာကွယ်စောင့်ရှောက်ခြင်းအားဖြင့် သစ်တောသီးနှံ ရောနှောစနစ်ကြောင့် လူထု အခွင့်အရေးများကို မပျက်စီးစေကြောင်း၊ လူမှုအဖွဲ့အစည်းနှင့် ဒေသခံတို့၏ သက်မွေးလုပ်ငန်းကို ဆိုးဝါး သည့် အကျိုးမသက်ရောက်စေကြောင်း၊

သေချာအောင် ဆောင်ရွက်ရန် အရေးကြီးသည်။ လမ်းညွှန်ချက် တွင် ၎င်းတို့ကိုသာ ကန့်သတ်ထားခြင်း မရှိစေဘဲ အောက်ပါအချက်များ ပါဝင်သည်-

လမ်းညွှန် ၁၀.၁။ အဓိက သစ်တောသီးနှံ ရောနှောလုပ်ငန်းများ ဆောင်ရွက်ရန် ရည်မှန်းသည့်ဒေသများ၊ အထူးသဖြင့် ကုမ္ပဏီ ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့် ဒေသများတွင် အကျိုးသက်ဆိုင်သူများ၏ မြေယာရမ်း လုပ် ကိုင်မှု အခွင့်အရေးကို နားလည်ရန်။[9]

လမ်းညွှန် ၁၀.၂။ အဓိက သစ်တောသီးနှံ ရောနှောလုပ်ငန်းများ စီမံကိန်းရေးဆွဲသည့်အခါ ဆွေးနွေးပွဲများ၌ အကျိုးသက်ဆိုင်သူများ ပါဝင်စေရန်နှင့် ၎င်းတို့၏ မျှော်လင့်ချက်များ၊ အခွင့်အရေးများကို လေးစားရန်၊ သစ်တောသီးနှံ ရောနှောလုပ်ငန်းတွင် ပါဝင်သော လယ်သမားများမှာ အကြီးစား သစ်တောသီးနှံကဏ္ဍ ရင်းနှီးမြှုပ်နှံမှုများကြောင့် ခြိမ်းခြောက်ခံရခြင်း၊ ၎င်းတို့သဘောဆန္ဒမပါဘဲ ရွှေ့ပြောင်းခံရခြင်းများ မရှိစေရေး သေချာစေရန် (အခြေခံမှု ၃၊ ၇၊ ၈၊ ၉ နှင့် ချိတ်ဆက်)။

လမ်းညွှန် ၁၀.၃။ လူမှုရေးပဋိပက္ခကို ရှောင်ရှားနိုင်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုမှနေ၍ အကျိုးရှိသော ရလဒ်များ ရယူနိုင်ရေးတို့အတွက် သစ်တောသီးနှံ ရောနှောလုပ်ငန်းများတွင် ပါဝင်သော သို့မဟုတ် ယင်းလုပ်ငန်းများ ၏ သက်ရောက်မှုရှိသော အကျိုးသက်ဆိုင်သူများ၏ မြေယာရမ်းလုပ်ကိုင်မှု အခွင့်အရေးများ လုံခြုံရေးကို အသေအချာ ဖြစ်စေရန်။

လမ်းညွှန် ၁၀.၄။ အဓိက သစ်တောသီးနှံ ရောနှောလုပ်ငန်းများကြောင့် ဆိုးဝါးစွာ ထိခိုက်သော သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် ထိခိုက်မှုရှိသော အခွင့်အရေးပိုင်ရှင်များအား အခမဲ့၊ ကြိုတင်သတင်းပေးပြီး သဘောတူညီချက် ရယူရန်နှင့် မရှောင်လွှဲနိုင်သည့် မည်သည့်ပျက်စီးမှုအတွက်မဆို မျှတသည့် လျော်ကြေး ပေးရန် (အခြေခံမှု ၇၊ ၈ နှင့် ချိတ်ဆက်)။

## ၄.၅။ နည်းပညာ ဒီဇိုင်းအခြေခံမှုများ

### အခြေခံမှု ၁၁။ အခြေအနေပေါ်မူတည်၍ သစ်တောသီးနှံရောနှောစနစ် ရွေးချယ်ရန်များကို ဒီဇိုင်းဆွဲခြင်း

သစ်တောသီးနှံရောနှောစနစ် ပုံစံများနှင့် ရွေးချယ်စရာများ အမျိုးမျိုးရှိပြီး ၎င်းတို့၏ အောင်မြင်မှုမှာ ပြည်နယ်အဆင့်၊ နိုင်ငံအဆင့်၊ ကမ္ဘာလုံးဆိုင်ရာအဆင့်များနှင့် ချိတ်ဆက်နေသော ဒေသဆိုင်ရာ အခြေ အနေများ၌ ထိရောက်သော ဒီဇိုင်းအခြေခံမှုအပေါ် မူတည်နေသည်။ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် ပတ်ဝန်းကျင် အကျိုးကျေးဇူးများ

9 မြေယာရမ်းခွင့်ကို အကဲဖြတ်ရန် နည်းလမ်းကိရိယာနှင့် လက်စွဲ အများအပြား ရှိသည်။ See FAO's Voluntary Guidelines on the Responsible Governance of Tenure of Land, Fisheries and Forests in the Context of National Food Security: http://www.fao.org/docrep/016/ i2801e/i2801e.pdf.

တစ်ပြိုင်တည်းရရှိရေးသည်
သစ်တောသီးနှံ ရောနှောစနစ်၏
အဓိက ရည်မှန်းချက်ဖြစ်သည်။
အလျှော့အတင်းလုပ်ရခြင်းများ ရံဖန်ရံခါရှိသည်။
သို့သော် ကောင်းမွန်စွာ ဒီဇိုင်း ရေးဆွဲထားသော
သစ်တောသီးနှံရောနှောစနစ်သည်
အကျိုးကျေးဇူးမျိုးစုံကို တစ်ပြိုင်နက်
ပေးစွမ်းနိုင်ပြီး အကျိုးသက်ဆိုင်သူ
အမျိုးမျိုး၏ လိုအပ်ချက်များကို
ကျေနပ်အောင် ဖြည့်ဆည်းပေးနိုင်သည်။
သစ်တော သီးနှံရောနှောစနစ်၏
အကျိုးကျေးဇူးများကို အကောင်းဆုံး
ရယူနိုင်ရေးအတွက် လမ်းညွှန်ချက်တွင်
၎င်းတို့ ကိုသာ ကန့်သတ်ထားခြင်းမရှိစေဘဲ
အောက်ပါအချက်များ ပါဝင်သည် -

လမ်းညွှန် ၁၁.၁။ သတင်းအချက်အလက်
စုပေါင်းရယူခြင်း၊ အခွင့်အလမ်းနှင့်
ကန့်သတ်ချက်များ ဖော်ထုတ် ခြင်း၊
သစ်တောသီးနှံရောနှောစနစ်အကြောင်း
သတင်းအချက်အလက်
ဖြည့်ဆည်းပေးထားသည့်
ရွေးချယ် မှုများ ပြုလုပ်ခြင်းတို့တွင်
အကျိုးသက်ဆိုင်သူများအား
အသုံးပြုသူအဆင်ပြေသည့်
ဆုံးဖြတ်ချက် အထောက်အကူပြု
နည်းလမ်းကိရိယာများ
ပံ့ပိုးပေးရန်။ ဆုံးဖြတ်ချက်
အထောက်အကူပြုမှုများတွင်
မြေမျက်နှာ သွင်ပြင်၊ မြေအသုံးချမှု၊
မြေဆီလွှာ၊ အပူချိန်၊ မိုးရေချိန်
စသည့် ဇီဝရုပ်ပိုင်း သတင်းအချက်
အလက်နှင့် ဒေတာအစုများ၊
ကျား-မ၊ ဈေးကွက်အချက်အလက်၊
အခြေခံအဆောက်အအုံကိစ္စများ၊ သက်
ဆိုင်သည့် မူဝါဒများစသည့် လူမှုစီးပွားရေး
စာရင်းဇယားအချက်အလက်များ
ပါဝင်သည်။

လမ်းညွှန် ၁၁.၂။
သစ်တောသီးနှံရောနှောလုပ်ငန်းများ
ရွေးချယ်ရာတွင် အနာဂတ်
ရာသီဥတုစနစ်များ၊
စီးပွားရေးအခြေအနေ၊ မူဝါဒများကို
ထည့်သွင်းစဉ်းစားလျက်၊
လူတစ်ဦးချင်းစီ (အသေးစား
လယ်သမား၊ အကြီးစား လယ်သမား၊
ကုမ္ပဏီ) နှင့် အများပြည်သူ (အစိုးရ၊
အစိုးရမဟုတ်သော အဖွဲ့အစည်းများ)
အကျိုး သက်ဆိုင်သူများ၏
သီးသန့်လိုအပ်ချက်၊ အကျိုးစီးပွား
သို့မဟုတ် ရည်ရွယ်ချက်များအပေါ်
အခြေခံ၍ အသေအချာ ရွေးချယ်ရန်
(အခြေခံမူ ၃၊ ၇၊ ၈၊ ၉)။

လမ်းညွှန် ၁၁.၃။ သစ်တောသီးနှံရော
နှောလုပ်ငန်းများအား ဇီဝရုပ်ပိုင်း၊
(လုပ်သားရနိုင်မှုနှင့် တတ်နိုင်မှု
အပါအဝင်) လူမှုစီးပွားအခြေအနေ၊
ယဉ်ကျေးမှု၊ အခြေခံအဆောက်အအုံ၊
ဈေးကွက်နှင့် မူဝါဒများ
(လမ်းညွှန် ၁၂.၂ နှင့် အခြေခံမူ
၃၊ ၅၊ ၉၊ ၁၀ တို့နှင့် ချိတ်ဆက်)
နှင့် ဆက်စပ်၍လည်းကောင်း၊
သစ်တော သီးနှံရောနှောလုပ်ငန်း၏
ယာယီသဘော (ဥပမာ သစ်ပင်၊
သီးနှံ၊ မွေးမြူရေး၊ ငါး အလှည့်ကျ) နှင့်
အကျယ် အဝန်း (ဥပမာ စနစ်အတွင်း
အစိတ်အပိုင်းများနေရာချထားမှု)
တို့ကို ထည့်သွင်းစဉ်းစားလျက် လည်း
ကောင်း၊ ၎င်းတို့အား အခြေခံလျက်
ဒီဇိုင်းရေးဆွဲရန်။

လမ်းညွှန် ၁၁.၄။ လူမှုယဉ်ကျေးမှု
အခြေအနေများ (အခြေခံမူ ၂၊
၉ နှင့် ချိတ်ဆက်) အပါအဝင်
ဒေသ အခြေအနေများနှင့်
တိုက်ရိုက်အကျိုးသက်ဆိုင်သူများ၏

မြေယာငှားရမ်းအသုံးပြုမှု အခြေအနေ (အခြေခံမှု ၁၀ နှင့် ချိတ်ဆက်) ကို ထည့်သွင်းစဉ်းစားလျက်၊ သစ်တောသီးနှံရောနှောလုပ်ငန်းများက စီးပွားရေး အကျိုး ကျေးဇူးများနှင့်အတူ လူမှုယဉ်ကျေးမှုနှင့် ပတ်ဝန်းကျင် အကျိုးကျေးဇူးများကိုလည်း တစ်ပြိုင်နက်ပေးစေ ရန် ဒီဇိုင်းဆွဲကာ အကောင်းဆုံး အကျိုးကျေးဇူးများရရှိရေး သေချာစေရန်။

လမ်းညွှန် ၁၁.၅။ သက်ဆိုင်ရာ ထိန်းသိမ်းရေးနှင့် ကွန်တိုထွန်ယက်ခြင်း (အထူးသဖြင့် အလွန်မတ်စောက်သောမြေတွင်)၊ မြေဆီထိန်း သီးနှံစိုက်ပျိုးခြင်း၊ မြေငွေ့ထိန်းအုပ်ခြင်း၊ ဘောင်ထွန်ယက်ခြင်း သို့မဟုတ် မထွန်ယက်ဘဲ စိုက်ပျိုးခြင်း၊ မိုးခေါင်ဒဏ်ခံနိုင်ရည်ရှိမျိုးများ၊ ရေချွေတာသော နည်းပညာများကဲ့သို့ ရာသီဥတု - စမတ်စိုက်ပျိုးရေး နည်းပညာများ[10]၊ ပေါင်းစပ်လျက် ရွေးချယ်ထားသော သစ်တောသီးနှံ ရောနှောလုပ်ငန်းများကို အသေအချာ အကောင်အထည်ဖော်ရန်။

လမ်းညွှန် ၁၁.၆။ လေ့ကျင့်သင်တန်းပေးခြင်း၊ စဉ်ဆက်မပြတ်ပညာရေးနှင့် ဘဂတစ်သက်တာ သင်ကြားမှု အတွက် အကူအညီပစ္စည်းများ ပေးအပ်ခြင်းတို့အားဖြင့် ရွေးချယ်ထားသော သစ်တောသီးနှံ ရောနှောလုပ် ငန်းများကို မှန်ကန်စွာ စီမံခန့်ခွဲနိုင်ရေး နည်းပညာ လမ်းညွှန်မှုများ ပေးအပ်ရန် (အခြေခံမှု ၂၊ ၆ နှင့် ချိတ် ဆက်)။

10 ဥပမာနှင့် ပူးပေါင်းဆောင်ရွက်မှု မူဘောင်အတွက် ရာသီဥတု-စမတ် စိုက်ပျိုးရေးအလေ့အထများ မြှင့်တင်ရေး အာဆီယံ ဒေသလမ်းညွှန်ချက်ကို ကြည့်ပါ။ http://www.asean.org/wpcontent/uploads/images/2015/October/ASEAN-Regional-Guidelines-on-Promoting-CSA-Practices/ASEAN%20Regional%20Guidelines%20on%20Promoting%20CSA%20Practices-endorsed%2037th%20AMAF.pdf

## အခြေခံမှု ၁၂။ သစ်တောသီးနှံရောနှောလုပ်ငန်း အစိတ်အပိုင်းများကို ပူးပေါင်းပါဝင်မှု ပုံစံဖြင့် ရွေးချယ်ခြင်း

သစ်တောသီးနှံရောနှောစနစ်၏ အကျယ်အဝန်းနှင့် အလှည့်ကျအပြောင်းအလဲ ဒိုင်မန်းရှင်းများအရ သစ်ပင်၊ သီးနှံ မွေးမြူရေး တိရစ္ဆာန်နှင့် ငါး/ရေသတ္တဝါများ ရွေးချယ်ခြင်းနှင့် ဆုံးဖြတ်ခြင်းမှာ အောင်မြင်မှု အတွက် အဓိကကျသည်။ အသေးစား/အကြီးစားလယ်သမားများ၊ ကုမ္ပဏီလယ်သမားများ၏ ရည်မှန်းချက်များ (ရေတို၊ ရေလတ်နှင့် ရေရှည်)၊ ၎င်းတို့၏ ထုတ်လုပ်မှုရင်းမြစ်များ (မြေအရွယ်အစား၊ လုပ်သား၊ အရင်းအနှီးနှင့် ငှားရမ်းလုပ်ကိုင်မှု၊ ဈေးကွက်၊ အရင်းအနှီး) နှင့် ငှားရမ်းမှု၊ ဈေးကွက်ကဲ့သို့ အခြားစဉ်းစားရန်များ စသည်တို့အပေါ် မူတည်လျက်၊ သစ်တောသီးနှံရောနှောစနစ်၏ အစိတ်အပိုင်းများကို မှန်ကန်သော သစ်ပင်၊ သီးနှံ၊ မွေးမြူရေး တိရစ္ဆာန် နှင့်/သို့မဟုတ် ငါးမျိုးများကို မှန်ကန်သော နေရာတွင်၊ မှန်ကန်သော ရည်ရွယ်ချက်အတွက်ဟူသည့် အယူအဆပေါ်၌ အခြေခံ၍ ဂရုတစိုက် ရွေးချယ်သင့်သည်။ လမ်းညွှန်ချက် တွင် ၎င်းတို့ကိုသာ ကန့်သတ်ထားခြင်းမရှိစေဘဲ အောက်ပါအချက်များ ပါဝင်သည် -

အခြေခံမှု ၁၂.၁။ သစ်တောသီးနှံ ရောနှောလုပ်ငန်းဆောင်ရွက်ရန် ရည်မှန်းထားသည့် ဒေသ၏ ဇီဝရုပ်ပိုင်း အခြေအနေ (အပူချိန်၊ မိုးရေချိန်၊ အမြင့်၊ မြေဆီလွှာ) တို့နှင့် ကိုက်ညီသော အပင်၊ တိရစ္ဆာန် နှင့်/သို့မဟုတ် ငါးမျိုးများကို

ဒေသအတွင်း ၎င်းတို့တည်ရှိမှုနှင့် အခြားအလားတူဒေသများတွင် တည်ရှိမှုကို မှတ်သား လျက် သတ်မှတ်ရွေးချယ်ရန် (အခြေခံမူ ၁၁ နှင့် ချိတ်ဆက်)[11]။ သစ်တောသီးနှံရောနှောလုပ်ငန်းတွင် ပါဝင် မည့် အပင်နှင့် တိရစ္ဆာန်မျိုးများကို ရွေးချယ်ရာတွင် အနာဂတ် ရာသီဥတုစနစ်ပြောင်းလဲမှုများကို စဉ်းစား ရန်။ ပါဂင်မည့် မျိုးစိတ်များ၏ ဈေးကွက်နှင့် သစ်တောသီးနှံရောနှောထုတ်ကုန်များအတွက် ပိုကောင်းသည့် ဈေးကွက်တင် မဟာဗျူဟာများကို ဖော်ထုတ်နိုင်ရေး ဈေးကွက်လေ့လာဆန်းစစ်မှုနှင့် ပူးတွဲလုပ်ကိုင်ရန် အကောင်းဆုံးဖြစ်သည် (အခြေခံမူ ၁၁ နှင့် ချိတ်ဆက်)။

လမ်းညွှန် ၁၂.၂။ သစ်ပင်၊ သီးနှံ၊ မွေးမြူရေး တိရစ္ဆာန်၊ ငါးမျိုးများအား ဒေသခံ အကျိုးသက်ဆိုင်သူများ၏ ဦးစားပေးအသုံးပြုမှုပုံစံ (ပစ္စည်းနှင့် ဝန်ဆောင်မှု) နှင့် ၎င်းတို့ စိုက်ပျိုးမွေးမြူလိုသည့် မျိုးများအား သိရှိရေး အတွက် အားလုံးပါဝင်ပြီး မျှတမှုရှိသည့် စစ်တမ်း သို့မဟုတ် အလုပ်ရုံ ဆွေးနွေးပွဲ ကျင်းပရန်။ လိုအပ်သည့် အခါ အားလုံးက အချက်အလက်များ ပေးသွင်းနိုင်ရေး သေချာစေရန် အမျိုးသား၊ အမျိုးသမီး၊ လူငယ်နှင့် လူနည်းစုအုပ်စုများအဖြစ် စစ်တမ်းအုပ်စုများခွဲခြားရန် (အခြေခံမူ ၈၊ ၉၊ ၁၀၊ ၁၁ နှင့် ချိတ်ဆက်)။

လမ်းညွှန် ၁၂.၃။ ဗီဇကလပ်စည်း ရွေးချယ်မှု၊ အရည်အသွေး၊ ရင်းမြစ်၊ ဖြန့်ဖြူးရေး၊ စီမံခန့်ခွဲမှုများအပြင် မွေးမြူရေးတိရစ္ဆာန်နှင့် ငါးမျိုးများ ရွေးချယ်မှုနှင့်ဆိုင်သော အာဆီယံ အဖွဲ့ဝင်နိုင်ငံများက ကျင့်သုံးနေသည့် လက်ရှိ နည်းပညာလမ်းညွှန်များကို စစ်ဆေးပြီး ကျင့်သုံးရန်။ ဒေသရင်း အပင်၊ တိရစ္ဆာန်နှင့် ငါးမျိုးများ နှင့်/ သို့မဟုတ် မွေးမြူရေးမျိုးများအား သစ်တောသီးနှံစနစ်မှ မိတ်ဆက်လိုက်သည့် ပြင်ပမျိုးများ နှင့်/ သို့မဟုတ် မွေးမြူရေးမျိုးများက မကောင်းသည့် သက်ရောက်မှုများ မရှိစေရန်။

လမ်းညွှန် ၁၂.၄။ အဓိက အကျိုးသက်ဆိုင်သူများ၊ အထူးသဖြင့် လယ်သမားများ၊ ရင်းနှီးမြှုပ်နှံသူများ၊ ပညာပေးဂန်ထမ်းများ၊ အစိုးရဌာနများအား သစ်တောသီးနှံစနစ် အစိတ်အပိုင်းနှင့် စပ်လျဉ်းသည့် ဆုံးဖြတ် ချက်ချမှုများတွင် တက်ကြွစွာ ပါဝင်စေရန်။

## ၄.၆။ သတင်းအချက်အလက်ပေးရေးနှင့် အဆင့်မြှင့်ရေး အခြေခံမူများ

### အခြေခံမူ ၁၃။ သစ်တောသီးနှံစိုက်ပျိုးရေးပညာကို ထိရောက်စွာ သတင်းပေးခြင်း

အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား သစ်တောသီးနှံစနစ်ဆိုင်ရာ အထွေထွေ

11 ရွေးချယ်စရာ ပိုများရန်အတွက် ဒေသဆိုင်ရာ ဇီဝရုပ်ပိုင်းအခြေအနေနှင့် အကျိုးသက်ဆိုင်သူများ၏ ဦးစားပေးမှုနှင့် သင့်တော်သော မျိုးများ၏ အွန်လိုင်းနှင့် အခြားဒေတာဗေ့စ်များကို ကြည့်ရှုနိုင်သည်။ ဥပမာ - Tree Functional and Ecological Databases (http://www.worldagroforestry.org/output/tree-functional-and-ecological-databases).

ဗဟုသုတမရှိသည့် အချက်နှင့် သစ်တောသီးနှံစနစ်၏ အမျိုးမျိုးအဖုံဖုံ ရှုပ်ထွေးသော အလေ့အထ၊ ဗဟုသုတ၊ သတင်းအချက် အလက် စီမံမှုများကို ထည့်သွင်းစဉ်းစားလျက်၊ မူဝါဒချမှတ်သူများ၊ လယ်သမားများ၊ ရင်းနှီးမြှုပ်နှံသူများနှင့် ဈေးကွက်ဖော်ဆောင်သူများအတွက် သစ်တောသီးနှံစနစ် ဖွံ့ဖြိုးရေးကို စဉ်ဆက်မပြတ် ကျယ်ကျယ်ပြန့်ပြန့် ကျင့်သုံးဆောင်ရွက်ရန် အလွန်အရေးကြီးသည်။ လမ်းညွှန်ချက်တွင် ၎င်းတို့ကိုသာ ကန့်သတ်ထားခြင်း မရှိ စေဘဲ အောက်ပါအချက်များ ပါဝင်သည်-

လမ်းညွှန် ၁၃.၁။ လိုအပ်ချက်များနှင့် အတိအကျ ကိုက်ညီသည့် အထောက်အကူများပေးနိုင်ရေး ပူးပေါင်း ဆောင်ရွက်သည့် နည်းလမ်းများမှတစ်ဆင့် လယ်သမား၊ ပညာပေးနှင့် အကြံပေးအဖွဲ့များ၊ ဒေသဆိုင်ရာနှင့် နိုင်ငံအဆင့်အစိုးရများ၊ ဈေးကွက်ဖော်ဆောင်သူများအပါအဝင် အကျိုးသက်ဆိုင်သူများ၏ ဗဟုသုတနှင့် သတင်းအချက်အလက် လိုအပ်ချက်၊ ကွာဟချက်များကို ဖော်ထုတ်ရန်။

လမ်းညွှန် ၁၃.၂။ သစ်တောသီးနှံစနစ်ကျင့်သုံးခြင်းအတွက် ရင်ဆိုင်ရမည့် ကိစ္စများကို ပိုမိုနားလည်စေရန် အထူးဦးစားပေး ဘာသာစကားများနှင့် စာ၊ ရုပ်သံထုတ်လွှင့်မှု၊ အစည်းအဝေးကြီးများ၊ အစည်းဝေးငယ်များ၊ ကျွမ်းကျင်မှု အလုပ်ရုံဆွေးနွေးပွဲ၊ စိုက်ခင်းသင်ကြားမှုနှင့် သရုပ်ပြ စိုက်ခင်းအပါအဝင် ပုံစံမျိုးစုံနှင့် အကျိုး သက်ဆိုင်သူများအကြား မြေယာရှင်း နှင့်/သို့မဟုတ် တန်ဖိုးကွင်းဆက်တွင် သတင်းအချက်အလက်ပေး ရန်။

လမ်းညွှန် ၁၃.၃။ ဗဟုသုတ၊ ကျွမ်းကျင်မှုများ ပိုမိုထိရောက်စွာ ဖန်တီးဝေမျှနိုင်ရေး၊ နည်းပညာလမ်းညွှန်မှု များ ပေးနိုင်ရေး၊ အဆင့်အသီးသီး၌ စီမံကိန်းရေးဆွဲခြင်း၊ ဆုံးဖြတ်ချက်ချမှတ်ခြင်းတို့ သွက်လက်မြန်ဆန်စေ ရေး၊ ရလဒ်နှင့် သက်ရောက်မှုများကို စောင့်ကြည့်စစ်ဆေးနိုင်ရေး၊ နည်းလမ်း၊ ရလဒ်နှင့် အောင်မြင်မှုများကို အထူးတလည် ကျယ်ကျယ်ပြန့်ပြန့်မြှင့်တင်ရေး၊ သစ်တောသီးနှံစနစ် သုတေသနနှင့် ဖွံ့ဖြိုးရေးတွင် ငွေကြေး သုံးစွဲမှုအင ထောက်အကူပြုရေးတို့အတွက်၊ နိုင်ငံအဆင့်နှင့် ပြည်နယ်အဆင့်များတွင် သစ်တောသီးနှံ စိုက် ပျိုးရေးတွင် ပါဝင်နေကြသည့် သို့မဟုတ် ကြီးကြပ်မည့်အဖွဲ့များနှင့် ယင်းတို့၏ မိတ်ဖက်များ၏ ဗဟုသုတ စီမံခန့်ခွဲမှုနှင့် ဆက်သွယ်သတင်းပေးမှုစွမ်းရည်ကို အားကောင်းစေရန်။

လမ်းညွှန် ၁၃.၄။ အကျိုးသက်ဆိုင်သူအားလုံးကို သတင်းပေးနိုင်ပြီး၊ ဆွေးနွေးပွဲများ၌ ၎င်းတို့ပါဝင်နိုင်ကာ၊ ဗဟုသုတနှင့် ကျွမ်းကျင်မှုများတိုးမြှင့်ပြီး စဉ်ဆက်မပြတ် ကျင့်သုံးတိုးတက်စေရေးအတွက် ဗဟုသုတစီမံ ခန့်ခွဲမှုနှင့် ဆက်သွယ်သတင်းပေးမှုဆိုင်ရာ ရင်းမြစ်များ အလုံအလောက်ပေးရန်။

## အခြေခံမှု ၁၄။ ထိရောက်သော လုပ်ငန်းတိုးချဲ့မှုနှင့် ရေရှည်ခံမှုအတွက် စီမံခြင်း

အခြေအနေအထူးပြု သစ်တောသီးနှံရောနှောလုပ်ငန်းကို စဉ်းစားလျက်၊ သစ်တောသီးနှံစနစ်

တိုးချဲ့ခြင်းကို ဂရုတစိုက် စီမံဆောင်ရွက်ရမည်ဖြစ်ပြီး အားလုံးနှင့်ဆိုင်သောအမြင်နှင့် အခြေအနေပေါ် မူတည်သော အမြင်များကို ထည့်သွင်းစဉ်းစားရမည်။ ရေရှည်အကျိုးသက်ရောက်မှုရစေမည့် သစ်တောသီးနှံစနစ် တိုးချဲ့ရေး အတွက် လိုအပ်ချက်များကို သေချာစေ့စပ်စွာ ဆုံးဖြတ်ရမည်။ လမ်းညွှန်ချက်တွင် ၎င်းတို့ကိုသာ ကန့်သတ် ထားခြင်းမရှိစေဘဲ အောက်ပါအချက်များ ပါဝင်သည် -

လမ်းညွှန် ၁၄.၁။ သစ်တောသီးနှံစနစ်လုပ်ငန်း တိုးချဲ့ရေးအတွက် စီမံကိန်းရေးဆွဲရေးကဏ္ဍများတွင် အကျိုးသက်ဆိုင်သူများ ပူးပေါင်းပါဝင်စေရန် (အခြေခံမူ ၃ နှင့် ချိတ်ဆက်)။

လမ်းညွှန် ၁၄.၂။ ဇီဝရုပ်ပိုင်း၊ လူမှုရေး၊ ယဉ်ကျေးမှု၊ လုပ်သား၊ ဈေးကွက်အခြေအနေ၊ လုပ်ငန်းတိုးချဲ့မှုအပေါ် သက်ရောက်မှုရှိနိုင်သည့် သက်ဆိုင်ရာကဏ္ဍများ၏ မဟာဗျူဟာများ၊ စီမံကိန်းများအပါအဝင် စနစ် အတွင်းနှင့် စနစ်အပြင် အခွင့်အလမ်းများကို သုံးသပ်လျက် သစ်တောသီးနှံစနစ် တိုးချဲ့ရေး၏ အမြင့်ဆုံး ဖြစ်နိုင်သည့် အလားအလာနှင့် အကန့်အသတ်များကို နားလည်ရန်။

လမ်းညွှန် ၁၄.၃။ လုပ်ငန်းတိုးချဲ့ရန် လိုအပ်ချက်များကို အကျိုးသက်ဆိုင်သူများက နားလည်ပြီး ရည်မှန်း နေရာများတွင် အပြည့်အဝ သို့မဟုတ် တစ်စိတ်တစ်ပိုင်း ကိုင်တွယ်ဆောင်ရွက်မှုကို သေချာစေရန်။

လမ်းညွှန် ၁၄.၄။ နည်းပညာပိုင်း သို့မဟုတ် အဖွဲ့အစည်းပိုင်း သို့မဟုတ် နှစ်ပိုင်းလုံးဖြစ်နိုင်သော လုပ်ငန်း တိုးချဲ့မှု အဓိကအချက်ကို နားလည်ရန်။ နည်းပညာအပိုင်းတွင် သစ်ပင်၊ သီးနှံ၊ မွေးမြူရေးတိရစ္ဆာန် နှင့်/ သို့မဟုတ် ရေသတ္တဝါမျိုးများ၏ စနစ်အစိတ်အပိုင်းများကို ရွေးချယ်ခြင်း၊ ဒီဇိုင်းနှင့် စီမံခန့်ခွဲမှု အလေ့အထများနှင့် မြေယာရှုခင်းတိုးချဲ့မှု၏ ထိခိုက်နိုင်မှုများ ပါဝင်သည်။ အဖွဲ့အစည်းအပိုင်းတွင် အသေးစား လယ်သမားများကို စည်းရုံးခြင်း၊ အစုစပ်လုပ်ငန်းတည်ထောင်ခြင်း၊ လေ့ကျင့်ပေးခြင်းနှင့် ငွေကြေး ထောက်ပံ့မှု စနစ်များပါဝင်သည်။

လမ်းညွှန် ၁၄.၅။ ဥပမာ ဒေသဆိုင်ရာ အစိုးရများ၊ ပုဂ္ဂလိက ကုမ္ပဏီများ၊ ထုတ်လုပ်သူ အုပ်စုများ၊ ပညာရေး အဖွဲ့များကဲ့သို့ အဓိက သက်ဆိုင်သူများပါဝင်သော အထူးအခြေအနေများတွင် လုပ်ငန်းတိုးချဲ့ရေး သင့် တော်သည့် ပုံစံများ သဘောတူရန်

လမ်းညွှန် ၁၄.၆။ ကွာဟမှု၊ ပြဿနာ၊ အခွင့်အလမ်း၊ ကိရိယာရင်းမြစ် လုပ်ငန်းများကို ကိုင်တွယ်ရန် တိုးချဲ့ မှု နည်းလမ်းများ၊ လုပ်ငန်းစဉ်များနှင့် အောင်မြင်မှုများအား အချိန်ကာလအလိုက် ပုံမှန်ဆန်းစစ်ရန်။

## အခန်း ၅

# အကောင်အထည်ဖော်မှုဆိုင်ရာ စဉ်းစားရန်အချက်များ

ဤအခြေခံမူနှင့် လမ်းညွှန်ချက်များသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ သစ်တောသီးနှံစနစ်မူဝါဒ၊ မဟာဗျူဟာ၊ အစီအစဉ်နှင့် စီမံကိန်းများ ရေးဆွဲရေးအတွက် ဆွေးနွေးမှုများကို အထောက်အကူပြုမည့် မူဘောင်ဖြစ်သည်။ ဤအခြေခံမူနှင့် လမ်းညွှန်ချက်များသည် သစ်တောသီးနှံရောနှော စိုက်ပျိုးရေးတွင် ရင်းနှီးမြှုပ်နှံမည့် ပုဂ္ဂလိက ကဏ္ဍအတွက်လည်း လမ်းညွှန်ပေးနိုင်မည်ဖြစ်သည်။ လက်တွေ့အကောင် အထည်ဖော်ရန်အတွက်မူ အာဆီယံအဖွဲ့ဝင်နိုင်ငံများရှိ သက်ဆိုင်ရာ ဂေဟစနစ်နှင့် လူမှုယဉ်ကျေးမှုဖုန်များ နှင့် ကိုက်ညီသည့် သစ်တောသီးနှံစနစ် နည်းပညာလမ်းညွှန်ချက်များကို လိုက်နာသင့်သည်။ အချို့ စဉ်းစား နိုင်သည့် အချက်များကို အောက်တွင် ဆွေးနွေးတင်ပြထားသည်။

## ၅.၁။ အဖွဲ့အစည်းများ၏ အခန်းကဏ္ဍနှင့် စီစဉ်မှုများ

အာဆီယံနိုင်ငံများရှိ အဆင့်အသီးသီးမှ အစိုးရနှင့် အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့များ၊ လယ်သမားအသင်းအဖွဲ့များ၊ သမဝါယမများ၊ လူထုအခြေပြုအဖွဲ့များ၊ ပုဂ္ဂလိက ကဏ္ဍ (အသေးစားနှင့် အကြီးစား လယ်သမားများ၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ၊ ကုမ္ပဏီများ) နှင့် အခြားသူများသည် သီးခြားအခန်းကဏ္ဍအသီးသီးမှ ပါဝင်ကြသည်။ ဖြစ်ထွန်းသည့် ပတ်ဝန်းကျင်ဖန်တီးရေး၊ အဖွဲ့အစည်းဆိုင် ရာ စွမ်းရည်များတိုးတက်ရေး၊ ကဏ္ဍများအကြား ပူးပေါင်းမှုနှင့် ဆုံးဖြတ်ချက်ချမှုများတွင် ပါဝင်ဆောင်ရွက် ရေး (အခြေခံမူ ၁၊ ၂၊ ၃) တို့အတွက် အားလုံးပူးပေါင်းကြိုးပမ်းမှု လိုအပ်သည်။ သစ်တော သီးနှံ ရောနှော စနစ် ပတ်ဝန်းကျင်ဖြစ်ထွန်းရေးအတွက် အဓိက အကျိုးသက်ဆိုင်သူများနှင့် ၎င်းတို့၏အခန်းကဏ္ဍများ၊ လိုအပ်ချက်များ၊ မျှော်လင့်ချက်များကို ဖော်ထုတ်ရန် လိုအပ်သည်။

သီးနှံတစ်မျိုးတည်း စီးပွားဖြစ် စိုက်ပျိုးရေးက အကျိုးစီးပွားအရ ယှဉ်ပြိုင်မှုရှိနေသဖြင့် သစ်တော သီးနှံ ရောနှောလုပ်ငန်းများ အောင်မြင်ရေးအတွက် အစိုးရ၏ မူဝါဒနှင့် ငွေကြေးထောက်ပံ့သည့် အစီအစဉ် များ၊ လိုအပ်သည်။ အခြေခံမူ ၁ တွင် ဖော်ပြထားသည့်အတိုင်း၊ အာဆီယံ အဖွဲ့ဝင်နိုင်ငံများသည် သစ်တော သီးနှံ ရောနှောစိုက်ပျိုးစနစ် ဖွံ့ဖြိုးရေးအတွက် တာဝန်ရှိသော သီးသန့်အဖွဲ့ကို သတ်မှတ်ထားသင့်သည်။ လူမှုရေးသစ်တောလုပ်ငန်းသည်

အမျိုးသားအဆင့် အစီအစဉ်အများအပြားတွင် ပါဝင်နေပြီး ယင်း အစီအစဉ်များတွင် သစ်တောသီးနှံ ရောနှောစနစ်ကို မူဝါဒနှင့် ငွေကြေးထောက်ပံ့မှုများဖြင့် အကောင် အထည် ဖော်နိုင်သည်။ အာဆီယံနိုင်ငံအများအပြားတွင် သစ်တောများ၏ ရေရှည်တည်တံ့မှုကို တစ်ဖက်က ထိန်းရင်း သစ်တောများအတွင်း နေထိုင်သော ပြည်သူတို့၏ အသက်မွေးဝမ်းကြောင်းလုပ်ငန်းတိုးတက်ရေး ရည်မှန်းချက်များ၊ အစီအမံများပါဝင်သော လူမှုရေးသစ်တောအစီအစဉ်များ ရေးဆွဲထားကြပြီး သစ်တော သီးနှံ ရောနှောစနစ်သည် အဆိုပါ ရည်မှန်းချက်များ အောင်မြင်ရေးအတွက် အရေးကြီးသော အခန်းကဏ္ဍ မှ ပါဝင်နေသည်။

ပုဂ္ဂလိကကဏ္ဍ ရင်းနှီးမြှုပ်နှံသူများမှာလည်း သစ်တော သီးနှံ ရောနှောစနစ်ဖွံ့ဖြိုးရေးတွင် အရေး ကြီးသော အခန်းကဏ္ဍမှ ပါဝင်နေသည်။ အထူးသဖြင့် ရေရှည်ထုတ်လုပ်မှုကို စိတ်ဝင်စားပြီး မိမိထုတ်ကုန် များကို သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သော ကုန်ပစ္စည်းများအဖြစ် အသိအမှတ်ပြုလက်မှတ် ရရှိ ရန် ရည်မှန်းသည့် စိုက်ပျိုးရေး စက်မှုလုပ်ငန်း ကုမ္ပဏီများ၏ အခန်းကဏ္ဍဖြစ်သည်။

အမျိုးသားအဆင့် သုတေသနနှင့် ပညာရေးအဖွဲ့များသည် -

၁) နည်းပညာနှင့် မူဝါဒအကြံပြုချက်များကို ပြုပြင်ချိန်ညှိရန် နှင့်/သို့မဟုတ် အချောသတ်ရန် လိုအပ်သော သစ်တောသီးနှံရောနှောစိုက်ပျိုးရေးဆိုင်ရာ ဗဟုသုတနှင့် သက်သေများ စဉ်ဆက်မပြတ် ထုတ်လုပ်နိုင်ရန် ၂) ဗဟုသုတ ထုတ်လုပ်ရေး၊ စောင့်ကြည့်ထိန်းကြောင်းရေးနှင့် ထိခိုက်မှုဆန်းစစ်ရေးတို့အတွက် နည်း လမ်း၊ ကိရိယာများ ရေးဆွဲရန် ၃) စဉ်ဆက်မပြတ် သင်ကြားရေး၊ ပညာရေးနှင့် ဗဟုသုတ ဖြန့်ဝေရေးကို အထောက်အကူပြုရန်တို့အတွက် သစ်တော သီးနှံ ရောနှောစနစ် သုတေသန၊ လေ့ကျင့်ရေးနှင့် ပညာပေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရန် လိုအပ်သည်။ သီးနှံ ရောနှောစနစ်ဆိုင်ရာ အခြေခံသုတေသနနှင့် အသုံးချ သုတေသနလုပ်ငန်းများတွင် ပူးပေါင်းပါဝင်မှုပုံစံဖြင့် ဆောင်ရွက်သင့်သည် (အခြေခံမှု ၃၊ ၈၊ ၉ နှင့် ချိတ်ဆက်မှု)။

အသိပညာနှင့် အတွေ့အကြုံမျှဝေခြင်း၊ သစ်တောသီးနှံရောနှောစနစ် စီမံကိန်းရေးဆွဲမှုကို မြန်ဆန် စေမည့် မှန်ကန်သော ကျွမ်းကျင်မှုများ ရှိလာစေရေး ပညာပေးဝန်ထမ်းများအား သင်တန်းပေးပြီး ကေဒါများ အဖြစ် မွေးမြူခြင်း၊ လက်တွေ့အကောင်အထည်ဖော်ခြင်း၊ စောင့်ကြည့်ထိန်းသိမ်းခြင်းနှင့် အကဲဖြတ်ခြင်းတို့ အတွက် အာဆီယံနိုင်ငံများရှိ သစ်တောနှင့် စိုက်ပျိုးရေးပညာပေးနှင့် ကျေးလက် အကြံပေးလုပ်ငန်းများမှာ လည်း အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်နေသည်။

လယ်သမားအသင်းအဖွဲ့များနှင့် သမဝါယမများ၊ ရပ်ရွာအခြေပြုအဖွဲ့များမှာလည်း သစ်တောသီးနှံ ရောနှောစနစ် အသိပညာ ပူးတွဲထုတ်လုပ်ခြင်း၊ လယ်သမားအချင်းချင်း အသိပညာနှင့် အတွေ့အကြုံ မျှဝေခြင်း၊ ဇီဝရုပ်ပိုင်း၊ လူမှုစီးပွားရေး၊ ယဉ်ကျေးမှု၊ ဈေးကွက်နှင့် မူဝါဒများအရ ၎င်းတို့အခြေအနေနှင့် အသင့် တော်ဆုံး သစ်တောသီးနှံရောနှောစနစ်များ ရွေးချယ်ကျင့်သုံးခြင်း၊ လယ်သမားများ၏ မျှော်လင့်ချက်၊ စိုးရိမ် မှုနှင့် ထုတ်ကုန်များကို စုစည်းခြင်း၊ မူဝါဒချမှတ်သူများ၊ ရင်းနှီးမြှုပ်နှံသူများအပါအဝင် အကျိုးသက်ဆိုင် သူများအကြား ဆွေးနွေးပွဲများ

ကျင်းပခြင်းတို့တွင် အရေးပါသည်။

စားနပ်ရိက္ခာ ဖူလုံသော အနာဂတ်အတွက် ကမ္ဘာ့မိတ်ဖက်အဖွဲ့ဖြစ်သော CGIAR ၏ အဖွဲ့ဝင်များမှာ လည်း အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ သစ်တောသီးနှံရောနှောစနစ် အစီအစဉ်များ နှင့်/သို့မဟုတ် ဒေသဆိုင် ရာနှင့် နိုင်ငံအဆင့် မိတ်ဖက်များနှင့် သုတေသနလုပ်ငန်းများ တိုက်ရိုက်ဆောင်ရွက်ရာတွင် ၎င်းတို့၏ သုတေသနအစီအစဉ်များကို ကိုက်ညီအောင် ဆောင်ရွက်ခြင်းအားဖြင့် အခန်းကဏ္ဍတစ်ခုရှိနေသည်။

နိဂုံးချုပ်အားဖြင့် အက်ဖ်အေအိုကဲ့သို့ ကုလသမဂ္ဂအဖွဲ့များမှာ နည်းပညာအကူအညီ၊ မူဝါဒ အကြံဉာဏ်နှင့် ဤလမ်းညွှန်ချက် အကောင်အထည်ဖော်မှုအတွက် ဖြစ်နိုင်သည့် နေရာများတွင် ငွေကြေး ထောက်ပံ့မှုများ ပေးအပ်ကူညီခြင်းဖြင့် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နိုင်မည် ဖြစ်သည်။

## ၅.၂။ စီမံကိန်းရေးဆွဲခြင်းနှင့် ငွေကြေးထောက်ပံ့ခြင်း

သစ်တောသီးနှံ ရောနှောစနစ်သည် စိုက်ပျိုးရေး သို့မဟုတ် သစ်တောကဏ္ဍအဖြစ် လုံးလုံး လျားလျား တည်ရှိနေခြင်း မဟုတ်သည့်အတွက် အမျိုးသားအဆင့် သစ်တောသီးနှံရောနှောစနစ် အစီအစဉ် ရေးဆွဲလိုသော အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် အမျိုးသားအဆင့်အစီအစဉ်ကို အောင်မြင်စွာ ဆောင်ရွက် နိုင်မည့် အဖွဲ့အစည်းပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံကို ပထမဦးစွာ စဉ်းစားသင့်သည် (အခြေခံမူ ၁)။ လုပ်ငန်းများမြန်ဆန်စေရန် သက်ဆိုင်ရာ ဝန်ကြီးဌာနများအတွင်း သီးသန့်အဖွဲ့အစည်းများက ဦးဆောင် လျက် ကဏ္ဍစုံ အထူးကော်မတီ သို့မဟုတ် လုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းနိုင်သည်။ ဤနည်းလမ်းသည် ပေါင်းစပ်ညှိနှိုင်းမှုစနစ်ဖြစ်သည့် "အာဆီယံ ရာသီဥတု ပြောင်းလဲခြင်းဆိုင်ရာ ကဏ္ဍစုံမူဘောင်ဖြစ်သော စားနပ် ရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးရေး၊ ငါးလုပ်ငန်းနှင့် သစ်တော" နှင့်လည်း ကိုက်ညီသည်။

ရှေ့လုပ်ငန်းစဉ်ကို ချပြနိုင်ရေးအတွက် အာဆီယံ အဖွဲ့ဝင်နိုင်ငံများ၏ သစ်တောသီးနှံရောနှောစနစ် ရည်မှန်းချက်နှင့် လမ်းပြမြေပုံကို ရေးဆွဲသင့်သည်။ ဒေသအတွင်း သစ်တောသီးနှံရောနှောစနစ် ဖွံ့ဖြိုးရေးကို မောင်းနှင်ရန် နည်းလမ်းအများအပြားရှိသည်။ ၎င်းတို့တွင် သစ်တောသီးနှံထုတ်ကုန်များအတွက် ဈေးကွက် ဖွင့်ရေး နှီးဆော်နိုင်မည့် ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင်နှင့် အထောက်အကူပြု မူဝါဒများရေးဆွဲခြင်း၊ လက်ရှိ မဟာဗျူဟာ၊ စီမံကိန်းနှင့် ရည်မှန်းချက်များတွင် သစ်တောသီးနှံရောနှောစနစ်ကို အဆင်ပြေအောင် ထည့် သွင်းခြင်း၊ ဥပမာ ရေရှည် သို့မဟုတ် ကာဗွန်ထုတ်လွှတ်မှု နည်းသောဖွံ့ဖြိုးရေး စီမံကိန်းများ၊ အမျိုးသား အဆင့် REDD+ လုပ်ငန်းစီမံချက်များ၊ ကျေးလက်ဖွံ့ဖြိုးရေး စီမံကိန်းများ၊ မြေယာထိန်းသိမ်းရေး အစီအစဉ် များ၊ မြေယာအသုံးချမှု စီမံကိန်းများနှင့် နိုင်ငံအလိုက် ရွေးချယ်ဆုံးဖြတ်ထားသော ထည့်ဝင်မှုများ ဖြစ်သည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးမိတ်ဖက်များ၊ နှစ်နိုင်ငံ မိတ်ဖက်များအနေဖြင့်

၎င်းတို့၏ ဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲရာတွင် အဖွဲ့ဝင်နိုင်ငံများ၏ သစ်တောသီးနှံရောနှောစနစ် အစီအစဉ် နှင့် ကိုက်ညီအောင်ရေးဆွဲခြင်း သို့မဟုတ် သစ်တော သီးနှံရောနှောစိုက်ပျိုးရေး လုပ်ငန်းများသို့ တိုက်ရိုက် ငွေကြေးထောက်ပံ့ခြင်းများ ဆောင်ရွက်နိုင်သည်။

နိုင်ငံအဆင့် သို့မဟုတ် ပြည်နယ်အဆင့်တွင် သစ်တောသီးနှံရောနှောစနစ်အတွက် အစီအစဉ် သို့မဟုတ် စီမံကိန်းအား ရေးဆွဲရာတွင် ပြဿနာ၊ စိန်ခေါ်မှု၊ ကွာဟချက်များနှင့် အခွင့်အလမ်းများကို ဖော်ထုတ်နိုင်ရန် အတိုင်းအတာနှင့် အခြေအနေ အသေးစိတ်ဆန်းစစ်မှု လိုအပ်သည်။ အပေါင်းလက္ခဏာ သင်္ကေတများကြောင့် အလားအလာရှိ ရင်းနှီးမြှုပ်နှံသူများ (အသေးစား လယ်သမား၊ အကြီးစား လယ်သမား၊ ကုမ္ပဏီများ) အား သစ်တောသီးနှံရောနှောကဏ္ဍ၌ ယုံကြည်မှုဖြစ်ပေါ်လာသည့်အခါ ဖြစ်တန် စွမ်းလျော့လာမှုနှင့် ရေရှည်မဟာဗျူဟာ၊ ရေလတ် စီမံအုပ်ချုပ်မှုအစီအစဉ်များကို ဆောင်ရွက်ရန်လိုသည်။ ဒေသခံလူထု၊ လယ်ယာ သို့မဟုတ် လယ်ကွင်းအဆင့် စီမံမှုများကို သစ်တောသီးနှံရောနှောစနစ်အတွက် သင်တန်းပေးထားသော ပညာပေးအဖွဲ့ကိုယ်စားလှယ်များက ကူညီဆောင်ရွက်သင့်ပြီး (အခြေခံမှု ၂) ဒေသ၏ ထူးခြားသည့်ပတ်ဝန်းကျင်၊ လူမှုရေး၊ ယဉ်ကျေးမှု၊ ဈေးကွက်နှင့် မူဝါဒအခြေအနေများကို စဉ်းစား လျက် ဒေသအခြေအနေနှင့် အသင့်တော်ဆုံး သစ်တောသီးနှံ ရောနှောလုပ်ငန်းများကို ရွေးချယ်ရမည် ဖြစ်သည် (အခြေခံမှု ၁၂)။

## ၅.၃။ သုတေသနနှင့် စဉ်ဆက်မပြတ် သင်ယူရေး

အကောင်းဆုံးအလေ့အထများ တိုးချဲ့ရေး အထောက်အကူပြုရန်သာမက အနာဂတ် ရာသီဥတု ပြောင်းလဲမှု၊ ပြင်ပ အရင်းခံအကြောင်းများ၏ ဩဇာလွှမ်းမိုးမှု (အခြေခံမှု ၃၊ ၁၂) တို့အပါအဝင် ဒေသ အခြေအနေ အပြောင်းအလဲများကို ကိုင်တွယ်ဖြေရှင်းရာ၌ လက်ရှိ သစ်တောသီးနှံရောနှော နည်းပညာနှင့် အလေ့အထများကို ပြောင်းလဲကျင့်သုံးနို င်ရေးအတွက်ပါ သစ်တောသီးနှံပညာရပ် ဗဟုသုတများ ပူးတွဲ ထုတ်လုပ်ရန် စဉ်ဆက်မပြတ် သင်ယူမှုနှင့် သုတေသနတို့ လိုအပ်သည်။ မှတ်တမ်းတင်ခြင်း၊ ယခင်နှင့် ယခု သစ်တောသီးနှံရောနှောစနစ် မိုဒယ်များ၏ အောင်မြင်မှု၊ အရေးနိမ့်မှုများကို မှတ်သားခြင်းတို့ဖြင့် ကဏ္ဍမျိုးစုံ အတွက် သုတေသနများ ဦးစားပေးစတင်သင့်သည်။ သုတေသနများသည် လုပ်ငန်းကိုဗဟိုပြုသင့်ကာ အကျိုးသက်ဆိုင်သူများနှင့် ဝေမျှသင်ယူခြင်း၊ ပူးပေါင်းပါဝင်ခြင်း ပုံစံများဖြင့် ဆောင်ရွက်သင့်သည်။ စီမံကိန်းတစ်စိတ်တစ်ပိုင်းသည် ပါဝင်သော သို့မဟုတ် ပါဝင်လိုသော သုတေသနနှင့် ပညာရေးအဖွဲ့များ ရှာဖွေဖော်ထုတ်ရေးဖြစ်နိုင်ပြီး သုတေသနလုပ်ငန်းများမှာ တစ်ခုနှင့်တစ်ခု ထပ်မနေဘဲ အပြန်အလှန် ဖြည့်စွက်ကူညီနိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းသင့်သည်။ ဆို့ဒင် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးအေဂျင်စီ၏ ငွေကြေးထောက်ပံ့မှုဖြင့် ကမ္ဘာ့ သစ်တောသီးနှံရောနှောစနစ်

ဗဟိုဌာနက ၁၉၉၈ ပြည့်လွန်နှစ်များက တည်ထောင်ခဲ့သော အရှေ့တောင်အာရှ သစ်တောသီးနှံရောနှောစနစ် ပညာရေးကွန်ယက်အပေါ်တွင် လည်းကောင်း၊ ဒေသအတွင်းရှိ လက်ရှိပညာရေး ကွန်ယက်များပေါ်တွင်လည်းကောင်း တည်ဆောက် လျက်၊ သစ်တောသီးနှံရောနှောပညာရပ်ကို အဆင့်မြင့်ပညာရေး၌ သင်ကြားနိုင်ရေး၊ သစ်တောသီးနှံရော နှောဘာသာရပ် သင်ရိုးညွှန်းတမ်းရေးဆွဲရန် အားပေးကူညီသင့်သည်။ အဆိုပါ ကြိုးပမ်းမှုများအား အရှေ့ တောင်အာရှ ပညာရေးဝန်ကြီးများအဖွဲ့၏ အရှေ့တောင်အာရှဒေသ စိုက်ပျိုးရေးကဏ္ဍ ဘွဲ့ကြိုလေ့လာမှုနှင့် သုတေသန ဗဟိုဌာန၏ ကျယ်ပြန့်သော ရည်မှန်းချက်များနှင့် ကိုက်ညီအောင် ဆောင်ရွက်သင့်သည်။

## ၅.၄။ စောင့်ကြည့်စစ်ဆေး အကဲဖြတ်ခြင်း

နိုင်ငံအလိုက် သတ်မှတ်ထားသော ထည့်ဝင်မှုများ၊ မြေယာပျက်စီးမှု ပပျောက်ရေး ရည်မှန်းချက် များ၊ စားနပ်ရိက္ခာ ဖူလုံရေးနှင့် အခြားပန်းတိုင်၊ ရည်မှန်းချက်နှင့် မဟာဗျူဟာများအတွက် သစ်တော သီးနှံ ရောနှောစနစ်၏ ကြီးမားသည့် အထောက်အကူပြုနိုင်မှု အလားအလာများကြောင့်၊ အာဆီယံအဖွဲ့ဝင် နိုင်ငံ များသည် သစ်တောသီးနှံရောနှောစနစ်အား ၎င်းတို့၏ စောင့်ကြည့်စစ်ဆေး၊ အစီရင်ခံ၊ အတည်ပြု စီမံချက် အတွင်း ထည့်သွင်းနိုင်သည်။ စောင့်ကြည့်စစ်ဆေးမှု လုပ်ငန်းတစ်ခုခုသည် သစ်တောသီးနှံ ရောနှော အစီအစဉ်က အောက်ပါအခြေခံမှုများကို အသေအချာ ဆောင်ရွက်နေကြောင်း စစ်ဆေးသင့်သည် -

၁။ စဉ်ဆက်မပြတ်သင်ယူခြင်း။ အစီအစဉ်သည် အကျိုးသက်ဆိုင်သူများအား သတင်းပေးခြင်း၊ အဖြေများ ရယူခြင်းတို့ကို ထပ်ခါတလဲလဲ ဆောင်ရွက်သင့်သည်။ အစီအစဉ်သည် ၎င်း၏လုပ်ရှားမှုများ တိုးတက်စေရေး အကြံပြုချက်များကို လက်ခံ၍ လိုက်လျောညီထွေ ဆောင်ရွက်သင့်သည်။

၂။ ပူးပေါင်းပါဝင်ပြီး သုံးစွဲသူအဆင်ပြေသော စောင့်ကြည့်စစ်ဆေးမှု။ အသုံးပြုသူများ၏ အဆင်ပြေမှုကို သေချာစေရန် ပူးပေါင်းပါဝင်မှုပုံစံဖြင့် စောင့်ကြည့်မှု နည်းလမ်းထူထောင်ခြင်းက အကောင်းဆုံး ဖြစ် သည်။

၃။ အကျိုးသက်ဆိုင်သူများ၏ စွမ်းရည်မြှင့်တင်ခြင်း။ ထိရောက်သော ပူးပေါင်းပါဝင်မှုဖြစ်ရန် နည်းပညာ၊ လူမှုရေးနှင့် ငွေကြေးကျွမ်းကျင်မှုနှင့် စွမ်းရည်များလိုအပ်သည်။ အဆိုပါ စွမ်းရည်များကို မြှင့်တင်ပေးခြင်း အားဖြင့် စောင့်ကြည့်စစ်ဆေးမှုတွင် အကျိုးသက်ဆိုင်သူများ အထူးသဖြင့် လယ်သမားအဖွဲ့အစည်း၊ သမဝါယမနှင့် သစ်တောအသုံးပြုသူများ၏ ပါဝင်ပတ်သက်မှုကို တိုးတက်စေနိုင်မည်။

အာဆီယံအဆင့်၌ ဤမူဘောင်အား အဖွဲ့ဝင်နိုင်ငံများ၏ ခံယူကျင့်သုံးမှုအား စောင့်ကြည့်ရာတွင် အာဆီယံ စားနပ်ရိက္ခာ ဖူလုံရေး၊ ပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ စောင့်ကြည့်စစ်ဆေးရေး ကဲ့သို့ လက်ရှိကျင့်သုံးနေပြီးဖြစ်သော စောင့်ကြည့်ရေးနည်းလမ်းများကို

အသုံးပြုလျက်၊ အာဆီယံ စားနပ် ရိက္ခာ၊ စိုက်ပျိုးရေးနှင့်သစ်တောကဏ္ဍနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သင့်သည်။ "အာဆီယံ ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ကဏ္ဍစုံမူဘောင် (စားနပ်ရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးရေး၊ ငါးလုပ်ငန်းနှင့် သစ်တော)" ကိုလည်း အဖွဲ့ဝင်နိုင်ငံများ၏ ဤမူဘောင်ကို လက်ခံကျင့်သုံးမှု အထူးသဖြင့် အဖွဲ့ဝင်နိုင်ငံများ အတွင်း ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုကို စောင့်ကြည့်အကဲဖြတ်ရာတွင် အသုံးပြုနိုင်သည်။

အက်ဖ်အေအိုသည်လည်း ကမ္ဘာလုံးဆိုင်ရာ သစ်ပင်ဖုံးလွှမ်းမှုနှင့် သစ်တောပြင်ပ သစ်ပင်များ ဆိုင်ရာ ကိစ္စရပ်များတွင် အာဆီယံအဖွဲ့ဝင်များ၏ ဤလမ်းညွှန်ချက် အကောင်အထည်ဖော်မှုဆိုင်ရာ တိုးတက်မှုအား စောင့်ကြည့်အကဲဖြတ်ရန် စဉ်းစားနိုင်သည်။

## ၅.၅။ အသိပညာ စီမံခန့်ခွဲမှု

အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် သစ်တောသီးနှံရောနှောစနစ် ဖွံ့ဖြိုးရေး၏ များစွာသော ပြဿနာများ အနက် တစ်ခုမှာ သတင်းအချက်အလက်နှင့် ဗဟုသုတရင်းမြစ်များမရှိခြင်းဖြစ်သည်။ ယင်းအခြေအနေမှာ အာဆီယံနိုင်ငံအများအပြားတွင် သစ်တော သီးနှံရောနှောစိုက်ပျိုးရေး သုတေသနနှင့် ဖွံ့ဖြိုးရေးအဖွဲ့များ မရှိခြင်းအပြင် ရှိနေသည့်ဗဟုသုတ၊ ပညာရပ်မှာလည်း သိပ္ပံပညာဆောင်းပါးများအသွင်ဖြင့်သာ ရှိနေသဖြင့် မူဝါဒချမှတ်သူများ၊ စီမံကိန်းရေးဆွဲသူများအတွက် လက်လှမ်းမမီဖြစ်နေသည့် အချက်ဖြစ်သည်။ အခြေခံမှု ၁၃ နှင့်စပ်လျဉ်း၍ သစ်တောသီးနှံရောနှောစိုက်ပျိုးရေး အသိပညာကို ထိရောက်စွာ ဖြန့်ဖြူးရမည်ဖြစ်သော် လည်း သင့်တော်သည့် အဖွဲ့အစည်းအား တာဝန်ခွဲဝေပေးမှုမရှိပါက ထိရောက်စွာ စီမံခန့်ခွဲနိုင်မည် မဟုတ်ပေ။ သို့ဖြစ်၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် သစ်တောသီးနှံရောနှော စိုက်ပျိုးရေးအသိပညာကို စီမံ ခန့်ခွဲမည့် ပညာရေးဌာနတစ်ခုကိုဖွဲ့စည်းပြီး ကျယ်ပြန့်သော အသုံးပြုသူအများအပြားထံ အသိပညာ ဖြန့်ဖြူး နိုင်ရေး သေချာအောင် ဆောင်ရွက်သင့်သည်။ အဆိုပါဌာန၏ တာဝန်များမှာ သစ်တောသီးနှံရောနှော စိုက်ပျိုးရေးဗဟုသုတကို စုစည်းပြီး အမျိုးအစားခွဲရန်၊ ဂဘ်ပေါ်တယ်ကဲ့သို့ သုတဗဟိုပြု နည်းပညာအခြေခံ အဆောက်အအုံတည်ဆောက်ရန်၊ အသုံးပြုမှုအား စောင့်ကြည့်စစ်ဆေးရန်တို့ဖြစ်သည် (အခန်း ၅.၄ မှ စောင့်ကြည့်အကဲဖြတ်ခြင်းနှင့် ချိတ်ဆက်)။ သစ်တောသီးနှံရောနှောစိုက်ပျိုးရေး အသိပညာစီမံခန့်ခွဲမှုကို အခြေခံမှု ၁ တွင် ရည်ညွှန်းထားသော သီးသန့် သို့မဟုတ် အသစ်ဖွဲ့စည်းထားသည့် အဖွဲ့က ဆောင်ရွက်နိုင် သည်။ ယင်းတာဝန်ကို သုတေသနအဖွဲ့၊ ပညာရေးအဖွဲ့၊ အစိုးရမဟုတ်သော အဖွဲ့များကဲ့သို့ ဗဟုသုတရှိသူများ၊ ဗဟုသုတဖြန့်ဖြူးသူများနှင့် မျှဝေထမ်းဆောင်နိုင်သည်။

# နောက်ဆက်တွဲ ၁။ လမ်းညွှန်ချက် ရေးဆွဲခြင်း

သစ်တောသီးနှံရောနှောစနစ်ဆိုင်ရာ အာဆီယံလမ်းညွှန်ချက် ရေးဆွဲရေးစိတ်ကူးမှာ အာဆီယံ-ဆွစ်ဇာလန် လူမှုရေးသစ်တောနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မိတ်ဖက်ပူးပေါင်းမှု၊ လူမှုရေး သစ်တော ဆိုင်ရာ အာဆီယံလုပ်ငန်းအဖွဲ့နှင့် အာဆီယံအတွင်းရေးမှူးအဖွဲ့၊ စားနပ်ရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တော ဌာနခွဲများ၏ ၂၀၁၅ ခုနှစ်မှ စတင်ခဲ့သော ဆွေးနွေးပွဲများမှ စတင်ပေါ်ထွက်လာခြင်းဖြစ်ကာ၊ အာဆီယံ စားနပ်ရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး ရည်မှန်းချက်နှင့် မဟာဗျူဟာစီမံ ချက် (၂၀၁၆-၂၀၂၅) ကို အတည်ပြုလိုက်ခြင်းက ဤလမ်းညွှန်ချက်ကို ရေးဆွဲရန် တွန်းအားတစ်ရပ် ဖြစ်စေ ခဲ့သည်။ အထူးသဖြင့် ရာသီဥတုပြောင်းလဲမှုနှင့် ရင်ဆိုင်ရသည့်အခါ စားနပ်ရိက္ခာဖူလုံရေး လုပ်ငန်းတစ်ခု အဖြစ် သစ်တောသီးနှံရောနှောစနစ်ကို စီမံချက်တွင် ဖော်ပြထားသည်။ သစ်တောသီးနှံ ရောနှောစနစ်၏ အရေးပါမှုကို စားနပ်ရိက္ခာနှင့် အာဟာရဖူလုံရေး၊ ရာသီဥတုပြောင်းလဲမှု၊ အစိမ်းရောင်တိုးတက်မှုနှင့် စဉ်ဆက်မပြတ် တိုးတက်မှုဆိုင်ရာ နိုင်ငံများ၏ မဟာဗျူဟာနှင့် စီမံချက်များတွင် ပိုမိုတွေ့မြင်လာရသော်လည်း၊ သစ်တောသီးနှံရောနှောစနစ်အတွက် အိမ်နှင့်တူသော ကိုယ်ပိုင် အဖွဲ့အစည်းမရှိသေးသဖြင့် လက်တွေ့အကောင်အထည်ဖော်ရန်မှာမူ စိန်ခေါ်မှုတစ်ခုအဖြစ် ရှိနေဆဲဖြစ်သည်။ လယ်သမားများ၏ ဆုံးဖြတ်ချက်ချမှတ်မှု၊ လယ်ယာအဆင့် စိန်ခေါ်မှုများထက် ပိုမိုကြီးမားသည့် အဓိက အဟန့်အတားမှာ အာဆီယံနိုင်ငံများ၌ ရှင်းလင်းသည့် မူဝါဒအထောက်အကူနှင့် အကောင်အထည်ဖော်မှုစနစ်များမရှိခြင်း ဖြစ်သည်ဟု လေ့လာမှု အများအပြားကဆိုသည်။ ထိုပြဿနာကို ဖြေရှင်းရန်အတွက် သစ်တောသီးနှံရော နှောစနစ်ဆိုင်ရာ နိုင်လုံမှုရှိသော "အာဆီယံအပေါင်း" အဆင့်လမ်းညွှန်မှုလိုအပ်ပြီး၊ သစ်တောသီးနှံရော နှောစနစ်ဆိုင်ရာ မူဝါဒ၊ အစီအစဉ်နှင့် ရင်းနှီးမြှုပ်နှံမှုများ လျင်မြန်စွာ တိုးတက်မှုကို အထောက်ကူပြုနိုင် သည့် အခြေခံမှုနှင့် လမ်းညွှန်ချက်များ ရေးဆွဲရန် လိုအပ်သည်။

ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ ၂၀၁၆ ခုနှစ် ဖွန်လတွင် ကျင်းပခဲ့သည် ပထမအကြိမ် အကျိုးသက်ဆိုင်သူ များ အလုပ်ရုံဆွေးနွေးပွဲ၌ လမ်းညွှန်ချက်ရေးဆွဲရာတွင် သုတေသနပညာရှင်များ၊ သင်တန်းဆရာများ၊ ပညာရေးမှူးများ၊ စီမံကိန်းရေးဆွဲသူများ၊ လက်တွေ့ကျင့်သုံးနေသူများနှင့် မူဝါဒချမှတ်သူများ စသဖြင့် တတ်နိုင်သမျှ အားလုံးပါဝင်အောင်ရေးဆွဲရန် သဘောတူညီခဲ့သည်။ ထို့အပြင် လမ်းညွှန်ချက်သည် ခိုင်လုံ ပြီး ဘာသာစကားနှင့် ဟန်အရ သွက်လက်သင့်သော်လည်း အကောင်အထည်ဖော်သည့်အခါ တီထွင် ဆန်းသစ်မှုများကို ခွင့်ပြုနိုင်ရေးအတွက် လမ်းညွှန်ချက်တွင် အသေးစိတ် မထည့်သွင်းရန်လည်း သဘောတူ

ခဲ့ကြသည်။ ၂၀၁၇ ခုနှစ် ဇွန်လမှ စတင်၍ အကျိုးသက်ဆိုင်သူ ပေါင်းစုံပါဝင်သည့် လမ်းညွှန်ချက်ရေးဆွဲမှု လုပ်ငန်း၏ အဓိက လှုပ်ရှားမှုများမှာ အောက်ပါအတိုင်း ဖြစ်သည် -

၁။ ထိုင်းနိုင်ငံ၊ ချင်းမိုင်၌ ၂၀၁၇ ခုနှစ် ဇွန်လ ၁၂-၁၄ တွင် ကျင်းပသော ၇ ကြိမ်မြောက် အာဆီယံ လူမှုရေး သစ်တောကဏ္ဍ ညီလာခံ၌ အာဆီယံမူဝါဒချမှတ်သူများ၊ လယ်သမားအုပ်စုနှင့် သမဝါယမများ၊ ရပ်ရွာ အခြေပြု သစ်တောစီမံရေးအုပ်စုများ၊ လက်တွေ့ကျင့်သုံးနေသူများ၊ သုတေသနပညာရှင်များအပါအဝင် အာဆီယံနိုင်ငံများမှ အကျိုးသက်ဆိုင်သူ ခန့်မှန်းခြေ ၂၄၅ ဦးခန့်နှင့် ဆွေးနွေးတိုင်ပင်ခဲ့သည်။ လမ်းညွှန်ချက်၏ ရည်ရွယ်ချက်နှင့် ပါဝင်မည့်အကြောင်းအရာများအကြောင်း အဓိက ဆွေးနွေးခဲ့သည်။

၂။ လမ်းညွှန်ချက်အတွက် အဆိုပြုမူကြမ်းအား ထိုင်းနိုင်ငံ၊ ချင်းမိုင်၌ ၂၀၁၇ ခုနှစ် ဇွန်လ ၁၅ တွင် ကျင်းပသော ၁၁ ကြိမ်မြောက် အာဆီယံ လူမှုရေးသစ်တော ကဏ္ဍ လုပ်ငန်းအဖွဲ့ နှစ်ပတ်လည်အစည်းအဝေး၌ တင်ပြပြီး လက်ခံခဲ့သည်။

၃။ လမ်းညွှန်ချက်ရေးဆွဲရေး လုပ်ငန်းစီမံချက်ကို ၂၀၁၇ ခုနှစ် ဇွန်လတွင် အာဆီယံ လူမှုရေး သစ်တော ကဏ္ဍ လုပ်ငန်းအဖွဲ့ အတွင်းရေးမှူးရုံးသို့ တင်ပြခဲ့သည်။

၄။ ICRAF နှင့် FAO တို့မှ ၂၀၁၇ ခုနှစ် ဇွန်လမှ ဩဂုတ်လအတွင်း လမ်းညွှန်ချက် ကနဦးမူကြမ်းကို ပြုစုခဲ့ သည်။

၅။ ၂၀၁၇ ခုနှစ် ဩဂုတ်လမှ ဒီဇင်ဘာလအတွင်း လမ်းညွှန်ချက် ပထမမူကြမ်းကို ပြုစုခဲ့သည်။

၆။ ပထမမူကြမ်းကို အာဆီယံ-ဆွစ်ဇာလန် လူမှုရေးသစ်တောနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မိတ်ဖက် ပူးပေါင်းမှု၊ အာဆီယံအတွင်းရေးမှူးအဖွဲ့နှင့် အက်ဖ်အေအိုတို့က ၂၀၁၇ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၈ ခုနှစ် ဇန်နဝါရီလအတွင်း အချင်းချင်း ပြန်လည်ဆန်းစစ်ခဲ့သည်။

၇။ ပထမမူကြမ်းကို စားနပ်ရိက္ခာနှင့် အာဟာရဖူလုံရေး၊ ရေရှည်စိုက်ပျိုးရေးနှင့် မြေယာထိန်းသိမ်းရေး အတွက် သစ်တောသီးနှံရောနှောစနစ်ဆိုင်ရာ မဲခေါင်ကျွမ်းကျင်သူအုပ်စုနှင့် အာဆီယံလူမှုရေး သစ်တောကဏ္ဍ လုပ်ငန်းအဖွဲ့ အဓိကဆက်သွယ်ရန် ပုဂ္ဂိုလ်များအပါအဝင် ဒေသတွင်းနှင့် ဒေသပြင်ပမှ ကျွမ်းကျင်သူများက ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ပြန်လည်ဆန်းစစ်ခဲ့သည်။

၈။ ဒုတိယမူကြမ်းကို ၂၀၁၈ ခုနှစ် ဇန်နဝါရီ - ဖေဖော်ဝါရီလတွင် ပြုစုခဲ့သည်။

၉။ ဒုတိယမူကြမ်းကို အာဆီယံ ကဏ္ဍအလိုက် လုပ်ငန်းအဖွဲ့များက ဖေဖော်ဝါရီ-မတ် ၂၀၁၈ တွင် ပြန်လည် ဆန်းစစ်ခဲ့သည်။

၁၀။ ဒုတိယမူကြမ်းကို အာဆီယံ လူမှုရေး သစ်တောကဏ္ဍ လုပ်ငန်းအဖွဲ့ အဓိကဆက်သွယ်ရန် ပုဂ္ဂိုလ်များ က ဖေဖော်ဝါရီ-ဧပြီ ၂၀၁၈ တွင် ပြန်လည်ဆန်းစစ်ခဲ့သည်။

၁၁။ ဒုတိယမူကြမ်း အပြီးသတ်ရေးဆွဲခြင်းကို ၂၀၁၈ ခုနှစ် ဧပြီ-မေတွင် ဆောင်ရွက်ခဲ့သည်။

၁၂။ ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့၌ ၂၀၁၈ ခုနှစ် ဇွန်လတွင် ကျင်းပခဲ့သော ၁၂ ကြိမ်မြောက် အာဆီယံ လူမှုရေးသစ်တောကဏ္ဍ လုပ်ငန်းအဖွဲ့ အစည်းအဝေး၌ အပြီးသတ် ဆွေးနွေးခဲ့သည်။

# နောက်ဆက်တွဲ ၂။ စက္ကူဖြူ စာတမ်း

## သစ်တောသီးနှံရောနှောစနစ်။ အရှေ့တောင်အာရှဒေသတွင် စားနပ်ရိက္ခာဖူလုံရေး၊ ရာသီဥတုပြောင်းလဲမှု လျော့ချရေးနှင့် အသားကျရေးအတွက် အထောက်အကူပြုမှုများ[12]




12

အရှေ့တောင်အာရှဒေသသည် ပျမ်းမျှ ဂျီဒီပီတိုးတက်မှု ၅.၇ ရာခိုင်နှုန်းဖြင့် စီးပွားရေးတိုးတက် လျက်ရှိပြီး ထောင်စုနှစ်ရည်မှန်းချက်ဖြစ်သော ငတ်မွတ်ခေါင်းပါးသူဦးရေ ထက်ဝက်လျှော့ချရေးကို ဆောင်ရွက်နိုင်ခဲ့ပြီး ဖြစ်သည်။ ထိုသို့အောင်မြင်မှုများ ရရှိနေသော်လည်း လူပေါင်း သန်း ၆၀ (ဒေသ လူဦးရေ၏ ၁၀%) မှာ စားနပ်ရိက္ခာ မလုံလောက်မှုနှင့် ရင်ဆိုင်နေရဆဲဖြစ်သည်။ လူဦးရေကြီးထွားနှုန်း မြန်ဆန်မှုနှင့် အတူ မြေယာ၊ သစ်တောပြုန်းတီးမှုများ တွဲဖက်လိုက်သည့်အခါ ဒေသတွင်းရှိ နိုင်ငံအများအပြားသည် တိုးတက်လာမည့်

12 Agroforestry white paper သည် highlights the evolving concepts of အရှေ့တောင်အာရှဒေသတွင် ဖြစ်ထွန်းလာနေသော agroforestry အယူအဆ၊ အလေ့အထ၊ စားနပ်ရိက္ခာဖူလုံရေး၊ ဝင်ငွေ၊ ရေထိမ်းသိမ်းရေး၊ ရာသီဥတု ပြောင်းလဲမှု အသားကျရေးနှင့် လျော့ချရေး အတွက် အထောက်အကူပြုမှုများ၊ ပြဿနာများ၊ စိန်ခေါ်မှုများကို အလေးပေး ဆွေးနွေးကာ အာဆီယံအဖွဲ့ဝင်နိုင်ငံများက အရေးယူဆောင်ရွက်ရန် တောင်းဆိုထားသည်။

ခန့်မှန်းခြေ လူဦးရေအတွက် စားနပ်ရိက္ခာ အလုံအလောက် ထောက်ပံ့နိုင်ခြင်းမရှိကြောင်း တွေ့ရှိရသည်။

ရာသီဥတုပြောင်းလဲမှုသည် စားနပ်ရိက္ခာလိုအပ်မှု၊ ဖြည့်ဆည်းမှုအတွက် နောက်ထပ်ခြိမ်းခြောက်မှု တစ်ခုဖြစ်သည်။ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အစိုးရများအဖွဲ့၏ စတုတ္ထအကြိမ် အကဲဖြတ်အစီရင်ခံစာအရ အရှေ့တောင်အာရှဒေသရှိ နိုင်ငံအများစုသည် စိုက်ပျိုးရေးနှင့် သဘာဝသယံဇာတအပေါ် စီးပွားရေးအရ မှီခိုနေရသဖြင့် ရာသီဥတုပြောင်းလဲမှုဒဏ်ကို ဆိုးဝါးစွာခံစားရမည်ဟု ခန့်မှန်းထားသည်။

သစ်ပင်များ၊ လယ်ယာများကို အသုံးပြုလျက် သစ်တောနှင့် စိုက်ပျိုးရေးကို မြေယာရှုခင်း၌ ပေါင်း စပ်သည့် သစ်တောသီးနှံရောနှောစနစ်သည် စီးပွားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင် အကျိုးကျေးဇူး အများ အပြားကို ပေးစွမ်းနိုင်မည်ဖြစ်သည်။ တစ်ကမ္ဘာလုံးနှင့် နှိုင်းယှဉ်လျှင် အရှေ့တောင်အာရှဒေသသည် ဒေသ အားလုံးအနက် စိုက်ပျိုးရေးမြေများတွင် ဇီဝဒြပ်ကာဗွန်သိုလှောင်မှု (တစ်ဟက်တာလျှင်) မြင့်တက်နေ လျက်ရှိသည် (၂၀၀၀ ပြည့်နှစ်တွင် တစ်ဟက်တာလျှင် ကာဗွန် တန် ၆၀ ရှိခဲ့ရာမှ ၂၀၁၀ ပြည့်နှစ်တွင် ၆၅ တန်)။

ဒေသအတွင်း နေရာအနှံ့ရှိ လယ်သမားများမှာ လယ်ယာထုတ်လုပ်မှု တိုးတက်ရန်၊ စားနပ်ရိက္ခာ ဖူလုံရန်၊ ဝင်ငွေနှင့် အခြားလိုအပ်ချက်များ ဖြည့်ဆည်းရန်အတွက် သစ်တောသီးနှံရောနှောစနစ်မျိုးစုံနှင့် အလေ့အထအမျိုးမျိုးကို ကျင့်သုံးလျက် ရှိနေကြသည်။ တစ်ချိန်တည်းမှာပင် သစ်တောသီးနှံရောနှောစနစ် ရှိ သစ်ပင်များက စုပ်ယူသော ကာဗွန်ပမာဏအများအပြားမှာ ရာသီဥတုပြောင်းလဲမှု လျော့ချရေးကို အထောက်အကူပြုနေပြီး သစ်တောနှင့် သစ်ပင်များမှာ လေထုအတွင်း ရေကို ပြန်လည်ထုတ်ပေးခြင်းအား ဖြင့် သက်ဆိုင်ရာပတ်ဝန်းကျင်အတွက် လေအေးပေးစက်များသဖွယ် အထောက်အကူပြုနေကြသည်။

သို့ရာတွင် သစ်တောသီးနှံရောနှောစနစ်ကို ကျယ်ကျယ်ပြန့်ပြန့် ကျင့်သုံးရန်မှာမူ အခက်အခဲနှင့် စိန်ခေါ်မှု အများအပြားရှိနေပြီး အဓိကအားဖြင့် သစ်တောသီးနှံရောနှောစနစ်အတွက် အိမ်သဖွယ်ဖြစ်သော ကိုယ်ပိုင် အဖွဲ့အစည်းနှင့် မူဝါဒအထောက်အပံ့များ ကင်းမဲ့နေခြင်းဖြစ်သည်။ အရှေ့တောင်အာရှဒေသတွင် စားနပ် ရိက္ခာဖူလုံရေး၊ ရာသီဥတုပြောင်းလဲမှု လျော့ချရေးနှင့် အသားကျရေး အလားအလာများကို ဖမ်းဆုပ်နိုင်ရေး အတွက် သစ်တောသီးနှံရောနှောစနစ်ဆိုင်ရာ သီးသန့်မူဝါဒနှင့် ထိရောက်သော အကောင်အထည်ဖော်မှု စနစ်များ လိုအပ်လျက်ရှိသည်။

# နောက်ဆက်တွဲ ၃။ လမ်းညွှန်ချက်၏ အပြည်ပြည်ဆိုင်ရာ အခြေအနေ

ဤလမ်းညွှန်ချက်သည် ဥပဒေအရ စည်းနှောင်မှုရှိသော အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ ဥပဒေအရ စည်းနှောင်မှုမရှိသော အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းများ၊ သဘောတူညီချက်များနှင့် စာချုပ်များအပြင် ဂလိုဘယ်အစီအစဉ်များ၊ အာဆီယံ အဖွဲ့ဝင်နိုင်ငံများက ကတိကဝတ်ပြုထားသည့် မူဘောင်များ အားလုံးကို လိုက်နာသည်။ အဆိုပါ လိုက်နာမှုများတွင် အောက်ပါတို့မှာ ၎င်းတို့ကိုသာ ကန့်သတ်မထားဘဲ ပါဝင်သည်-

- ၂၀၁၅ ခုနှစ် စက်တင်ဘာတွင် ကမ္ဘာ့ခေါင်းဆောင်များ အတည်ပြုခဲ့သည့် စဉ်ဆက်မပြတ် တိုးတက် ရေး ရည်မှန်းချက် ၁၇ ခု။ ထောင်စုနှစ် ရည်မှန်းချက်များ၏ အောင်မြင်မှုအပေါ် အခြေခံ တည် ဆောက်ထားပြီး ရည်မှန်းချက်များတွင် ဆင်းရဲမှု ပုံစံမျိုးစုံ အဆုံးသတ်ရေး၊ မညီမျှမှုများ တိုက်ဖျက်ရေးနှင့် မည်သူမျှနောက် ချန်မထားဘဲ ရာသီဥတုပြောင်းလဲမှုကို ဖြေရှင်းရေးတို့ ဖြစ်သည်။
- ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကုလသမဂ္ဂ မူဘောင် ကွန်ဗင်းရှင်း (UNFCCC) သည် တိုင်းပြည်များ အတွက် ဖန်လုံအိမ်ဓာတ်ငွေ့ကန့်သတ်မှုအား စည်းနှောင်မှုမပြုလုပ်ဘဲ၊ ရာသီဥတုစနစ်သို့ ဘေး အန္တရာယ်ရှိ နှောင့်ယှက်မှုများ တားဆီးရန်အတွက် လေထုအတွင်းရှိ ဖန်လုံအိမ်ဓာတ်ငွေ့ ပြင်းအား ကို တည်ငြိမ်အောင်ထိန်းရန် ရည်ရွယ်သည်။ မူဘောင်တွင် UNFCCC ၏ ရည်မှန်းချက်များအတွက် နောက်ထပ် အရေးယူဆောင်ရွက်ရန် သီးသန့်အပြည်ပြည်ဆိုင်ရာ စာချုပ်များ (စာချုပ်များ သို့မဟုတ် သဘောတူညီချက်များဟု ခေါ်သော) မည်သို့ ညှိနှိုင်းနိုင်ကြောင်း ဖော်ပြထားသည်။
- UNFCCC ညှိနှိုင်းမှုများမှနေ၍ ပါရီသဘောတူညီချက် ပေါ်ထွက်လာကာ အပူချိန်မြင့်တက်မှုကို စက်မှုခေတ်မတိုင်မီ ခန့်မှန်းပမာဏထက် ၁.၅ စင်တီဂရိတ် လျှော့ချရန်၊ အသားကျနိုင်စွမ်းကို တိုး မြှင့်ရန်၊ အစားအစာထုတ်လုပ်မှုကို မခြိမ်းခြောက်ဘဲ ရာသီဥတုဒဏ်ခံနိုင်ရည်ရှိမှုနှင့် ဓာတ်ငွေ့ ထုတ်လွှတ်မှုနည်းသော ဖွံ့ဖြိုးမှုတို့ကို အားပေးရန်၊ အဆိုပါရည်မှန်းချက်များကို အထောက်အကူပြု မည့် ငွေကြေးစီးဆင်းမှုများ ဖန်တီးရန်တို့ကို ရည်ရွယ်သည်။ နိုင်ငံအလိုက် သတ်မှတ်ထားသည့် ထည့်ဝင်မှုများမှတစ်ဆင့် နိုင်ငံများသည် ၎င်းတို့နိုင်ငံ၏ အခြေအနေ၊ စွမ်းရည်နှင့် ဦးစားပေးမှုများ နှင့် ကိုက်ညီသော စီမံချက်များကို ဖန်တီးကြသည်။
- ဇီဝမျိုးကွဲ ကွန်ဗင်းရှင်း (CBD) က ဇီဝမျိုးကွဲ ထိန်းသိမ်းရေး၊ အစိတ်အပိုင်းများ ရေရှည်အသုံးပြုမှု၊ ဗီဇရင်းမြစ်အသုံးပြုမှုမှ ရရှိသော အကျိုးကျေးဇူးများကို သင့်တင့်မျှတစွာ မျှဝေရန်အတွက် အခြေခံ မူများကို ပြဌာန်းထားသည်။

- သဲကန္တာရဖြစ်ပေါ်မှု တိုက်ဖျက်ရေး ကုလသမဂ္ဂကွန်ဗင်းရှင်း (UNCCD) သည် ၁၀ နှစ် မဟာဗျူဟာ (၂၀၀၈-၂၀၁၈) ဖြစ်ပြီး သဲကန္တာရဖြစ်မှု၊ မြေယာပျက်စီးမှုများကို ဟန့်တားရန်နှင့် မိုးခေါင်မှုဒဏ်ကို လျှော့ချပြီး ဆင်းရဲမှုလျှော့ချရေးကို အထောက်အကူပြုကာ ပတ်ဝန်းကျင် ရေရှည်တည်တံ့ရေး အတွက် ကမ္ဘာ့ပူးပေါင်းဆောင်ရွက်မှုကို ရည်မှန်းသည်။ ရှုပ်ထွေးသော စိန်ခေါ်မှုများအား ပေါင်းစပ် ချဉ်းကပ်မှုနှင့် သဘာဝသယံဇာတများကို အကောင်းဆုံး အသုံးချမှုများဖြင့် ရင်ဆိုင်ရန် UNCCD သည် CBD ၊ UNFCCC တို့နှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သည်။
- Bonn Challenge သည် သစ်တောပြုန်းတီးသွားသော ကမ္ဘာ့မြေ ဟက်တာ ၁၅၀ သန်းအား ၂၀၂၀ အရောက်တွင် ပြန်လည်ထိန်းသိမ်းရန်၊ ဟက်တာ ၃၅၀ သန်းအား ၂၀၃၀ အရောက်တွင် ထိန်းသိမ်း ရန်၊ CBD Aichi Target 15, UNFCCC REDD+ နှင့် Rio+20 မြေပျက်စီးမှု ပပျောက်ရေး ရည်မှန်းချက်များအပါအဝင် လက်ရှိအပြည်ပြည်ဆိုင်ရာ ကတိကဝတ်များကို ပြည့်မီရန်တို့အတွက် ကမ္ဘာလုံးဆိုင်ရာ ကြိုးပမ်းမှု ဖြစ်သည်။
- Ramsar Convention on Wetlands မှာ စိမ့်မြေနှင့် ၎င်းတို့၏ အရင်းအမြစ်များ ထိန်းသိမ်းရေး၊ အသုံးချရေးအတွက် နိုင်ငံအလိုက် စီမံချက်နှင့် ပူးပေါင်းဆောင်ရွက်မှုအတွက် မူဘောင်ဆိုင်ရာ အစိုးရများအကြား စာချုပ်ဖြစ်သည်။
- Rio Declaration on Environment and Development သည် မူဝါဒနှင့် လုပ်ငန်းစဉ်များ ချမှတ်ရာတွင် ပတ်ဝန်းကျင်နှင့် တိုးတက်မှုအချက်များကို ချိန်ခွင်လျှာညီမျှရေး နိုင်ငံများအား လမ်းညွှန်သည့် အခြေခံမူများကို အသေးစိတ် ဖော်ပြထားသည်။
- Code of Conduct of Germplasm Collection and Transfer သည် ဗီဇရင်းမြစ်များ စုဆောင်းခြင်းနှင့် ရေရှည်အသုံးပြုခြင်းအတွက် မိမိဆန္ဒအလျောက် ကမ္ဘာလုံးဆိုင်ရာ မူဘောင်  ဖြစ် သည်။
- International Panel on Forests သည် ရေရှည်တည်တံ့ခိုင်မြဲသော သစ်တောစီမံခန့်ခွဲမှုအတွက် စီမံချက်များကို အဆိုပြုထားသည်။
- Global Plan of Action for the Conservation and Sustainable Utilization of Plant Genetic Resources သည် အစားအစာနှင့် စိုက်ပျိုးရေးအတွက် အပင်ဗီဇရင်းမြစ်များ ရေရှည်အသုံးပြုရေး နှင့် ထိန်းသိမ်းရေးအတွက် မိမိဆန္ဒအလျောက် ကမ္ဘာလုံးဆိုင်ရာ မူဘောင်ဖြစ်သည်။
- Millennium Declaration and Millennium Development Goals သည် လူသားသိက္ခာနှင့် ညီမျှမှုကို ထိန်းသိမ်းမြှင့်တင်ရန်၊ ဆင်းရဲမှုလျှော့ချရန်၊ ပတ်ဝန်းကျင်ကို ကာကွယ်ရန်၊ လူ့အခွင့် အရေး၊ ဒီမိုကရေစီကိုကာကွယ်ရန်၊ ကျားမ ညီမျှမှုနှင့် ကောင်းမွန်သော အုပ်ချုပ်မှုများ တိုးမြှင့်ရန်၊ ဖွံ့ဖြိုးမှုအတွက် ကမ္ဘာလုံးဆိုင်ရာ မိတ်ဖက်ပူးပေါင်းမှု ဖွဲ့စည်းရန် ထောင်စုနှစ် ကြေညာချက်နှင့် ထောင်စုနှစ် ဖွံ့ဖြိုးရေး ရည်မှန်းချက်များ ဖြစ်သည်။
- Sendai Framework for Disaster Risk Reduction (2015-2030) သည်

ဘေးဖြစ်နိုင်သော အန္တရာယ်များ၊ အသက်၊ အသက်မွေးဝမ်းကျောင်းနှင့် ကျန်းမာရေးဆုံးရှုံးမှုများကို လျှော့ချရန် ရည်မှန်းသည်။ မူဘောင်ကို ဂျပန်နိုင်ငံ ဆန်ဒိုင်းတွင် ၂၀၁၅ ခုနှစ် မတ်လ ၁၈ ရက်တွင် ကျင်းပခဲ့ သော ကုလသမဂ္ဂ Disaster Risk Reduction တတိယညီလာခံတွင် အတည်ပြုခဲ့သည်။

- United Nation Strategic Plan for Forests (2017-2030) (UNSPF) သည် ကုလသမဂ္ဂ၏ သစ်တောဆိုင်ရာ လုပ်ငန်းများ၊ ကုလသမဂ္ဂအဖွဲ့များနှင့် မိတ်ဖက်များအကြား ရည်မှန်းချက်နှင့် တာဝန်များသတ်မှတ်၍ ပိုမိုကောင်းမွန်သော စည်းလုံးမှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် စုပေါင်းညှိနှိုင်း ပေါင်းစပ်မှုအတွက် ရည်ညွှန်းချက်တစ်ခု ဖြစ်သည်သာမက International Arrangement on Forests (IAF) နှင့် ယင်း၏ အစိတ်အပိုင်းများဆိုင်ရာ လုပ်ငန်းအတွက် လမ်းညွှန်ရန်၊ ပေါင်းစည်းမှု ကို အားကောင်းစေရန် မူဘောင်တစ်ခုလည်း ဖြစ်သည်။

# နောက်ဆက်တွဲ ၄။ ဖတ်ရှုသင့်သော စာအုပ်စာတမ်းများ


Burke L, Ranganathan J, Winterbottom R, eds. 2015. Revaluing ecosystems: pathways for scaling up the inclusion of ecosystem value in decision making. Washington DC, USA: World Resources Institute.

Catacutan D, McGaw E, Llanza MA, eds. 2014. In equal measure: a user guide to gender analysis in agroforestry. Bogor, Indonesia: World Agroforestry Centre (ICRAF) Southeast Asia Regional Program.

Colfer CJP, Achdiawan R, Roshetko JM, Mulyoutami E, Yuliani EL, Mulyana A, Moeliono M, Adnan H, Erni. 2015. The balance of power in household decision-making: encouraging news on gender in Southern Sulawesi. World Development 76:147–164.

Coe R, Sinclair F, Barrios E. 2014. Scaling up agroforestry requires research 'in' rather than 'for' development. Current Opinion in Environmental Sustainability 6:1877–3435. https://doi.org/10.1016/j.

Delaney M, Roshetko JM. 1999. Field test of carbon monitoring methods for home gardens in Indonesia. In: Field tests of carbon monitoring methods in forestry projects. Arlington VA, USA: Winrock International. pp 231–245. http://www.worldagroforestry.org/region/sea/publications/detail?pubID=4214.

[FAO] Food and Agriculture Organization of the United Nations. 2017. Agroforestry for landscape restoration: Exploring the potential of agroforestry to enhance the sustainability and resilience of degraded landscapes. Rome, Italy: Food and Agriculture Organization of the United Nations.

[FAO] Food and Agriculture Organization of the United Nations. 2013. Advancing agroforestry on the policy agenda: a guide for decision-makers. Agroforestry Working Paper No.1. Rome, Italy: Food and Agriculture Organization of the United Nations.

[FAO] Food and Agriculture Organization of the United Nations. 2011. Payments for ecosystem services and food security. Rome, Italy: Food and Agriculture Organization of the United Nations.

Klapwijk CJ, van Wijk MT, Rosenstock TS, van Asten PJA, Thornton PK, Giller KE. 2014. Analysis of trade-offs in agricultural systems: current status and way forward. Current Opinion in Environmental Sustainability 6:110–115. https://www.sciencedirect.com/science/article/pii/S1877343513001607.

Kuyah S, Öborn I, Jonsson M, Dahlin AS, Barrios E, Muthuri C, Malmer A, Nyaga J, Magaju C, Namirembe A, Nyberg Y, Sinclair FL. 2016. Trees in agricultural landscapes enhance

provision of ecosystem services in Sub-Saharan Africa. International Journal of Biodiversity Science, Ecosystem Services & Management 12:4:255–273. http://www.tandfonline.com/doi/full/10.1080/21513732.2016.1214178.

Martini E, Roshetko JM, Purnomosidhi P, Tarigan J, Idris N, Zulfadhli T. 2013. Fruit germplasm resources and demands for small-scale farmer's post-tsunami and conflicts in Aceh, Indonesia. Acta Horticultura (ISHS) 975:657–664. http://www.actahort.org/books/975/975_82.htm.

Manurung GE, Roshetko JM, Budidarsono S, Kurniawan I. 2008. Dudukuhan tree farming systems in West Java: how to mobilize self-strengthening of community-based forest management? In: Snelder DJ, Lasco R, eds. Smallholder tree growing for rural development and environmental services. Lessons from Asia. Advances in Agroforestry vol. 5. Dordrecht, Netherlands: Springer.

Mead DJ. 2004. Agroforestry. In: Forests and forest plants. Vol. 1. Encyclopedia of life science systems. Oxford, UK: EOLSS Publishers. pp 324–55.

Millennium Ecosystem Assessment. 2005. Ecosystems and human well-being: synthesis. Washington DC, USA: Island Press.

Minang PA, van Noordwijk M, Freeman OE, Mbow C, de Leeuw J, Catacutan D, eds. Climate-smart landscapes: multifunctionality in practice. Nairobi, Kenya: World Agroforestry Centre (ICRAF).

Nair PVR, Garrity DPN. 2012. Agroforestry: the future of global land use. Dordrecht, Netherlands: Springer.

Namirembe S, Leimona B, van Noordwijk M, Minang P, eds. 2017. Co-investment in ecosystem services: global lessons from payment and incentive schemes. Nairobi, Kenya: World Agroforestry Centre (ICRAF). http://www.worldagroforestry.org/sd/environmental-services/PES).

Neyra-Cabatac NM, Pulhin JM, Cabanilla DB. 2012. Indigenous agroforestry in a changing context: the case of the Erumanen ne Menuvu in Southern Philippines. Forest Policy & Economics 22:18–27.

[OECD] Organization for Economic Co-operation and Development. 2011. Towards green growth: a summary for policy makers. Paris, France: Organization for Economic Co-operation and Development.

Orwa C, Mutua A, Kindt R, Jamnadass R, Simons A. 2009. Agroforestree Database: a tree reference and selection guide. Version 4.0. Nairobi, Kenya: World Agroforestry Centre (ICRAF). http://www.worldagroforestry.org/output/agroforestree-database.

Perdana A, Budidarsono S, Kurniawan I, Roshetko JM. 2013. Rapid Market Appraisal (RMA). In: van Noordwijk M, Lusiana B, Leimona B, Dewi S, Wulandari D, eds. Negotiation-support toolkit for learning landscapes. Bogor, Indonesia: World Agroforestry Centre (ICRAF) Southeast Asia Regional Program. pp 52–54. http://www.worldagroforestry.org/downloads/Publications/PDFS/B17645.pdf.

Roshetko JM, Snelder DJ, Lasco RD, van Noordwijk M. 2008. Future challenge: a paradigm shift in the forestry sector. In: Snelder DJ, Lasco R, eds. Smallholder tree growing for rural development and

environmental services. Lessons from Asia. Advances in Agroforestry vol. 5. Dordrecht, Netherlands: Springer. pp 453–485.

Roshetko JM, Rohadi D, Perdana A, Sabastian G, Nuryartono N, Pramono AA, Widyani N, Manalu P, Fauzi MA, Sumardamto P, Kusumowardhani N. 2013. Teak agroforestry systems for livelihood enhancement, industrial timber production, and environmental rehabilitation. Forests, Trees, and Livelihoods 22 (4):241–256. DOI: 10.1080/14728028.2013.855150.

Van der Wolf J, Gram G, Bukomeko H, Mukasa D, Giller O, Kirabo E, Angebault C, Vaast P, Asare R, Jassogne L. 2017. The shade tree advice tool. CCAFS Info Note. Copenhagen, Denmark: CGIAR Research Program on Climate Change, Agriculture and Food Security. https://ccafs.cgiar.org/publications/shade-tree-advice-tool#.WjjWDjcxXD4. Tool: http://shadetreeadvice.org/.

Van der Wolf J, Jassogne L, Gram G, Vaast P. 2016. Turning local knowledge on agroforestry into an online decision-support tool for tree selection in smallholders' farms. Experimental Agriculture 1–17. http://dx.doi.org/10.10107/S001447971600017X.

Van Noordwijk M. 2005. RUPES typology of environmental service worthy of reward. Bogor, Indonesia: World Agroforestry Centre (ICRAF) Southeast Asia Regional Program. http://www.worldagroforestry.org/downloads/Publications/PDFS/wp13952.pdf

Van Noordwijk M, Coe R, Sinclair F. 2016. Central hypotheses for the third agroforestry paradigm within a common definition. Working paper 233. Bogor, Indonesia: World Agroforestry Centre (ICRAF) Southeast Asia Regional Program. DOI: http://dx.doi.org/10.5716/WP16079.PDF.

Van Noordwijk M, Mbow C, Minang PA. 2015. Trees as nexus for Sustainable Development Goals (SDG's): agroforestry for integrated options. Policy Brief 50. Nairobi, Kenya: ASB Partnership for the Tropical Forest Margins.

Van Noordwijk M, Tata HL, Xu J, Dewi S, Minang PA. 2012. Segregate or integrate for multifunctionality and sustained change through rubber-based agroforestry in Indonesia and China. In: Nair PVR, Garrity DPN. Agroforestry: the future of global land use. Dordrecht, Netherlands: Springer. pp 69–104.

Visco R. 2011. National case study on agroforestry policy in the Philippines. Final report. Rome, Italy: Food and Agriculture Organization of the United Nations.

Wangpakapattanawong P, Finlayson R, Öborn I, Roshetko JM, Sinclair F, Shono K, Borelli S, Hillbrand A, Conigliaro M. 2017. Agroforestry in rice-production landscapes in Southeast Asia: a practical manual. Bangkok, Thailand: Food and Agriculture Organization of the United Nations Regional Office for Asia and the Pacific, Bogor, Indonesia: World Agroforestry Centre (ICRAF) Southeast Asia Regional Program.

Zomer RJ, Neufeldt H, Xu J, Ahrends A, Bossio D, Trabucco A, van Noorwijk M, Wang M. 2016. Global tree cover and biomass carbon on agricultural land: the contribution of agroforestry to global and national carbon budgets. Scientific Reports 6:1–12.


BHINNEKA TUNGGAL IKA
BERSEKUTU
BERTAMBAH MUTU
REPUBLIKA NG PILIPINAS
MAJULAH SINGAPURA
VIỆT NAM

Schweizerische Eidgenossenschaft
Confédération suisse
Confederazione Svizzera
Confederaziun svizra

Swiss Agency for Development
and Cooperation SDC



www.asean.org ASEAN ASEAN @ASEAN ASEAN